# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၂၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်
## (၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၅၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၃၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးခင်မောင်သိန်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁-၉-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးခင်မောင်သိန်း၊ စစ်ကိုင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၅၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၆၀ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဋ္ဌေးဝင်း ခွင့် ၂ ရက်၊

(၂) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၂ ရက်၊

(၃) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၂ ရက်၊

(၄) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၂ ရက်၊

(၆) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၂ ရက်၊

(၇) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်း ခွင့် ၂ ရက်၊

(၈) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၂ ရက်၊

(၉) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၂ ရက်၊

(၁၀) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးစိုင်းအိုက်လှ ခွင့် ၁ ရက်၊

(၁၂) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၂ ရက်၊

(၁၃) တီးတိန်မဲဆန္ဒနယ်မှ ဦးကျင့်ရှင်းထန် ခွင့် ၂ ရက်၊

(၁၄) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၂ ရက်၊

(၁၅) ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်ဖြ ခွင့် ၂ ရက်၊

(၁၆) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၂ ရက်၊

(၁၇) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဋ္ဌေး ခွင့် ၂ ရက်၊

(၁၈) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၂ ရက်၊

(၁၉) ကော့သောင်းမဲဆန္ဒနယ်မှ ဦးခင်ဇော် ခွင့် ၂ ရက်၊

(၂၀) တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း ခွင့် ၂ ရက်၊

(၂၁) ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည် ခွင့် ၂ ရက်၊

(၂၂) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း ခွင့် ၂ ရက်၊

(၂၃) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၂၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်(ခ)ဇေယျာသော် ခွင့် ၂ ရက်၊

(၂၅) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၂ ရက်၊

(၂၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၂၇) မြင်းခြံမဲဆန္ဒနယ်မှ ဦးသက်လွင်(ခ)ဦးပေါခင် ခွင့် ၂ ရက်၊

(၂၈) မိုးကုတ်မဲဆန္ဒနယ်မှ ဦးအောင်နိုင်(ခ)နိုင်ငံကျော် ခွင့် ၂ ရက်၊

(၂၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၂ ရက်၊

**မူကြမ်း**

(၃၀) မော်လမြိုင်မဲဆန္ဒနယ်မှ ဦးနိုင်သောင်းညွန့် ခွင့် ၂ ရက်၊

(၃၁) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊

(၃၂) ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ခွင့် ၂ ရက်၊

(၃၃) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၂ ရက်၊

(၃၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၃၅) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်းအောင် ခွင့် ၂ ရက်၊

(၃၆) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၂ ရက်၊

(၃၇) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၂ ရက်၊

(၃၈) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၂ ရက်၊

(၃၉) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျိန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၂ ရက်၊

(၄၀) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန် ခွင့် ၂ ရက်၊

(၄၁) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၂ ရက်၊

(၄၂) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၂ ရက်၊

(၄၃) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၂ ရက်၊

(၄၄) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၂ ရက်၊

(၄၅) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၂ ရက်၊

(၄၆) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၄၇) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၂ ရက်၊

(၄၈) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းညွန့်သိန်း ခွင့် ၂ ရက်၊

(၄၉) အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ ခွင့် ၂ ရက်၊

(၅၀) တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ ခွင့် ၂ ရက်၊

(၅၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၂ ရက်၊

(၅၂) မချမ်းဘောမဲဆန္ဒနယ်မှ ဦးနန်မွန်ထင် ခွင့် ၂ ရက်၊

(၅၃) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၂ ရက်၊

(၅၄) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် ခွင့် ၂ ရက်၊

(၅၅) ရွာတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၂ ရက်၊

**မူကြမ်း**

(၅၆) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင် ခွင့် ၂ ရက်၊

(၅၇) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်နီရွှေလျှန်း ခွင့် ၂ ရက်၊

(၅၈) ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင် ခွင့် ၂ ရက်၊

(၅၉) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာလှိုင်မြင့်ဟန် ခွင့် ၂ ရက်နှင့်

(၆၀) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၆၀ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၇၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆၀ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၁ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံအား ခုတင်(၅၀)ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးနေထက်ဝင်း(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေထက်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်ပြီး မြို့နယ်ကုသရေးဦးစီး ဌာနမှူးနှင့် ကျန်းမာရေးမိသားစုများ၊ မဲဆန္ဒရှင် ပြည်သူတွေရဲ့ကိုယ်စား ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့ဟာ ဧရာဝတီမြစ် အရှေ့ဘက်ကမ်း၊ ရန်ကုန်-ပြည်-မကွေး ပြည်ထောင်စုလမ်းမကြီးနှင့် ၁၇ မိုင်ခန့်အကွာ အတွင်းဘက်မှာတည်ရှိပြီးတော့ အကျယ်အဝန်းအားဖြင့် ၇၉၁ စတုရန်းကီလိုမီတာကျယ်ဝန်းပါတယ်။ ဖွံ့ဖြိုးမှုနည်းပါးတဲ့မြို့နယ်တွေထဲမှာ တစ်မြို့နယ်အဖြစ် ပါဝင်နေတာလည်းဖြစ်ပါတယ်။ မြို့ပေါ်ရပ်ကွက် သုံးရပ်ကွက်၊ ကျေးရွာအုပ်စု ၄၆ အုပ်စု၊ ကျေးရွာပေါင်း ၁၄၂ ရွာပါဝင်ကာ လူဦးရေ ၁၂၀၀၀၀ နီးပါး နေထိုင်တဲ့ မြို့နယ် တစ်မြို့နယ်လည်းဖြစ်ပါတယ်။ မြို့နယ်ပြည်သူ့ဆေးရုံကိုတော့ ၁၉၆၆ ခုနှစ်မှာ စတင် တည်ထောင်ခဲ့ပြီး ဆေးရုံမြေဧရိယာအကျယ်အဝန်းက ၇.၄၆ ဧက ကျယ်ဝန်းပါတယ်။ ဆင်ပေါင်ဝဲ မြို့နယ်ရဲ့ ဆရာဝန်၊ လူနာအချိုးဟာ ၁း၆၁၀၀၅ ဖြစ်ပြီး ခွင့်ပြုခုတင် ၂၅ ခုတင်မှာ အသုံးပြုခုတင်ဟာ ဆိုလို့ရှိရင် ၄၂ ခုတင်အထိ အသုံးပြုနေခဲ့ရတာကြာခဲ့ပါပြီ။ ဖွဲ့စည်းပုံအရ ကြည့်မယ်ဆိုလို့ရှိရင်လည်း လက်ထောက်ဆရာဝန်လေးဦးမှာ သုံးဦးလစ်လပ်နေပြီးတော့ တစ်ဦးသာ ရှိပါတယ်။ သူနာပြုများနှင့် ဆေးရုံတစ်ရုံရဲ့ မရှိမဖြစ်လိုအပ်တဲ့ ခွဲစိတ်ခွဲကျွမ်းကျင်၊ ခွဲစိတ်မှန်ကျွမ်းကျင် များမှာလည်း လိုအပ်လျက်ရှိ ပါတယ်။ ဆင်ပေါင်ဝဲမြို့နယ်ဟာ ချောင်ကျခြင်း၊ လမ်းပန်းဆက်သွယ်ရေး

ခက်ခဲခြင်း၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းမရှိခြင်းတို့ကြောင့် မြို့ပေါ်နေပြည်သူများနှင့် ကျေးရွာအများစုဟာ ကျန်းမာရေးကိစ္စများနှင့် ပတ်သက်လာရင် မြို့နယ်ပြည်သူ့ဆေးရုံကိုသာ အားကိုးအားထားပြုချင်နေခဲ့ကြတာပါ။ နှစ်ပေါင်း ၅၀ နီးပါးကြာမြင့်ပြီဖြစ်ပေမယ့် ဆေးရုံဟာ တိုးတက်သင့်သလောက် မတိုးတက်ခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်ပေါင်ဝဲမြို့နယ်ဟာ တောင်တွင်းကြီးမြို့နယ်နှင့် အောင်လံမြို့နယ်ကြားမှာရှိပြီးတော့ လူဦးရေအားဖြင့် အဲဒီမြို့တွေလောက်မရှိပေမယ့် နယ်မြေအကျယ်အဝန်းကတော့ဖြင့် အဲဒီမြို့တွေနီးပါးကျယ်ဝန်းပါတယ်။ ထူးခြားတာက ဧရာဝတီမြစ်ကခြားထားတော့ မြစ်အနောက်ဘက်ကမ်းက ကျေးရွာအုပ်စုတွေဟာ သရက်မြို့နယ်၊ မင်းလှမြို့နယ်က ဆေးရုံ၊ ဆေးခန်းတွေကို မှီခိုအားထားနေကြရပြီးတော့ မြစ်အရှေ့ဘက်ကမ်းက ကျေးရွာအုပ်စုတွေကျတော့ နီးစပ်ရာ အောင်လံ၊ တောင်တွင်းကြီး၊ မကွေး၊ ပြည် စတဲ့ ပုဂ္ဂလိကဆေးရုံတွေ၊ ပြည်သူ့ဆေးရုံတွေကို သွားရောက်နေကြရပါတယ်။ အဲဒီလိုတွေ သွားနေကြရတာဆိုလို့ရှိရင် ဆေးရုံတစ်ရုံရဲ့ ရှိသင့်ရှိထိုက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ အပြည့်အဝမရခဲ့ဘူးလို့ ကျွန်တော် နားလည်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဆေးရုံအတွင်း RC နှစ်ထပ်ဆောင်တစ်ခုဆောက်လုပ်ခဲ့လို့ လူနာတွေ နေရေးထိုင်ရေးအဆင်ပြေ ချောမွေ့သွားတာကြောင့် ဝမ်းသာရပေမယ့် ဆေးရုံတစ်ရုံမှာ မြို့နယ်တစ်ခုလုံးက အားကိုးအားထားပြုရလောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုမျိုး ပိုပြီးလိုအပ်နေခဲ့တာ အမှန်ပါ။ မြို့နယ်တိုင်းမှာလည်း ခုတင်(၅၀)ဆံ့ ဆေးရုံတစ်ရုံစီတော့ အနည်းဆုံးရှိသင့်တယ်လို့ ယူဆသလို ဝန်ကြီးဌာနအနေနဲ့လည်း ဦးစားပေးအလိုက် အဆင့်တိုးမြှင့်တာတွေ လုပ်ဆောင်ပေးသွားမယ်လို့ သိရတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန်မှဝမ်းသာမိပါတယ်။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှုများကို ယခင်ကာလများနှင့်မတူ ပိုမိုကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပေးသွားနိုင်ရန် ဒေသလိုအပ်ချက်အရ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ဆေးရုံအား ဆေးဝါးပြည့်စုံသော၊ ဖွဲ့စည်းပုံပြည့်စုံသော ခုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် လုပ်ဆောင်ပေးသွားနိုင်မည်ကို သိရှိလိုပါ၍ မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ဒီမေးခွန်းကို မဖြေခင် ဥက္ကဋ္ဌကြီးကို ကျွန်တော် အချိန်လေးနည်းနည်း လေးပိုလိုချင်ပါတယ်။ ပထမမေးခွန်းအတွက်ပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ လွှတ်တော်ထဲ မှာလာဖြေရတဲ့ ၉၀ ရာခိုင်နှုန်းကျော်သောမေးခွန်းများသည် ဆေးရုံအဆင့်မြှင့်ချင်တဲ့ မေးခွန်းများပဲ ဖြစ်တဲ့အတွက် ဆေးရုံအဆင့်မြှင့်ခြင်းနှင့်ပတ်သက်၍ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆေးရုံအဆင့်မြှင့်တယ်ဆိုတာ လွယ်လွယ်နဲ့မပေးပါဘူး။ မပေးပါဘူးဆိုတဲ့သဘောက အဆင့်မြှင့်လို့တော့ရတယ်။ အဆောက်အဦအခွံကြီးပဲမဖြစ်စေချင်ပါဘူး။ ဆေးရုံအဆင့်မြှင့်မယ်ဆိုရင် ဝန်ထမ်းအင်အား၊ ကျွမ်းကျင်မှုဝန်ထမ်း၊ ဆေးပစ္စည်းကိရိယာ၊ ဓာတ်ခွဲခန်း သုံးပစ္စည်း၊ လစာ၊ ဝန်ထမ်းအိမ်ရာ အကုန်လုံးကို စဉ်းစားရပါတယ်။ သို့သော်လည်း လိုအပ် မယ်ဆိုရင် ကျွန်တော်တို့က အဆင့်မြှင့်ဖို့ လုံးဝဝန်မလေးပါဘူး။ ဥပမာအားဖြင့် ဒီ ၂၅ ခုတင်တွေကို ခုတင် ၅၀ လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အမျိုးမျိုးစဉ်းစားရပါတယ်။ ဒီ ၂၅ ခုတင်ရှိတဲ့နေရာသည် Catchment Population ပေါ့။ ဘယ်လောက်ကျယ်ဝန်းသလဲ။ ၂၅ ခုတင်ဆေးရုံအနီးနားမှာ တိုက်နယ်ဆေးရုံတွေဘယ်လောက်ရှိသလဲ။ ကျေးလက်ကျန်းမာရေးဌာနတွေ ဘယ်လောက်ရှိသလဲ။ အဲဒီကျေးလက်ကျန်းမာရေးဌာန၊ တိုက်နယ်ဆေးရုံကနေပြီးတော့ မြို့နယ်ဆေးရုံလာဖို့ရှိရင် လမ်းပန်း ဆက်သွယ်ရေးခက်သလား။ ကားနဲ့လား။ ရထားလား။ လှေလား။ လာမယ်ဆိုလို့ရှိရင် ဘယ်လောက် အချိန်ကြာလဲ။ ဒါတွေလည်း ကျွန်တော်တို့ တွက်ရတဲ့အပြင် ဒီဧရိယာကြီးတစ်ခုလုံးရဲ့ ပထဝီ အနေအထားပေါ့။ Geographical Terrie ကိုလည်း ကျွန်တော်က ကြည့်ရပါတယ်။ ခက်ခဲတဲ့နေရာမှာ ဆိုရင် နီးသော်လည်း ကျွန်တော်တို့က တိုးပေးမယ့်အလားအလာရှိပါတယ်။ ထို့ပြင် ဆေးရုံရဲ့ အညွှန်းကိန်းပေါ့။ Hospital Performance Indicator တွေရှိပါတယ်။ အဲဒီအပေါ်မှာကြည့်ပြီး တော့ ကျွန်တော်တို့က တိုးသင့်/မတိုးသင့် ဆုံးဖြတ်ရပါတယ်။ အထူးသဖြင့် ဘာကိုကြည့်လဲဆိုလို့ရှိရင် ကျွန်တော်တို့က Bed Occupancy Rate ပေါ့။ ဆေးရုံမှာရှိတဲ့

ခုတင်အသုံးပြုနှုန်းကို ကျွန်တော်တို့က ကြည့်ရပါတယ်။ သို့သော်လည်း ဒီနေရာမှာ ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်ကြီးများကို တင်ပြချင်တာက ခုတင်အသုံးပြုနှုန်းနည်းတယ်ဆိုတာ အချက် အများကြီးအပေါ်မှာ မူတည်ပါတယ်။ ဥပမာဆိုရင် ဆေးရုံမှာဆရာဝန်မရှိဘူး။ သူနာပြုဆရာမတွေ မရှိဘူး။ သူနာပြုဆရာမ၊ ဆရာဝန်ဆက်ဆံရေးမကောင်းရင်လည်း မလာဘူး။ ပစ္စည်းကိရိယာမစုံရင် လည်းမလာဘူး။ အဲဒီတော့ ကျွန်တော်တို့ ကအဘက်ဘက်ကစဉ်းစားရတယ်။ အခု ကျွန်တော်ဖြေမယ့် ဥစ္စာက ကျွန်တော်တို့ဆီမှာရှိတဲ့ စာရင်းဇယားတွေအပေါ်မှာမူတည်ပြီးတော့ ကျွန်တော်က ဆုံးဖြတ်တာ ပါ။ သို့သော်လည်း ဒီဆေးရုံ ၂၅ ခုတင်မှာ လိုအပ်တဲ့ဆရာဝန်တွေ၊ သူနာပြုတွေဖြည့်လိုက်ရင် ဆေးရုံရဲ့ Bed Occupancy Rate ကတက်လာမယ်။ တက်လာမယ်ဆိုရင် ကျွန်တော်က အချိန်မရွေး ဒီဆေးရုံကို ပြန်ပြီးတော့ အဆင့်မြှင့်ပေးမှာပါ။ အဲဒီသဘောရှိပါတယ်။ ဆေးရုံတိုးချဲ့ဖို့ဆိုတာ သူက ဧရိယာလိုပါတယ်။ RHC ဆိုရင်ငါးဧက၊ Hospital အဆင့်ဆိုရင် ခုနစ်ဧက အဲဒီလိုမျိုးနေရာလည်းရှိဖို့ လိုပါတယ်။ တိုးချဲ့ပြီးလို့ရှိရင်လည်း ဖြည့်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်ပေါ့။ ဆရာဝန်၊ သူနာပြု၊ ဓာတ်ခွဲကျွမ်းကျင် အစရှိသည်ဖြင့် ရှိနိုင်/မရှိနိုင်ကိုလည်း ကျွန်တော်တို့ စဉ်းစားပါတယ်။

နောက်တစ်ချက်က ဒီဆေးရုံကို တိုးသင့်/မတိုးသင့်ဆိုတာ ဒီဆေးရုံအနီးအနားမှာ Industrial Complex လို စက်ရုံကြီး၊ အလုပ်ရုံကြီး အများကြီးဖြစ်လာတယ်ဆိုရင် ကျွန်တော်က တိုးရပါတယ်။ ဒါတွေကိုလည်း ကျွန်တော်က စဉ်းစားရပါတယ်။ ထို့အပြင် ဒေသတစ်ခုရဲ့ ထူးခြားတဲ့ဝိသေသ လက္ခဏာတွေကိုလည်း ကျွန်တော်တို့က စဉ်းစားရပါတယ်။ အဲဒီတော့ သူတို့ ဆေးရုံးတိုးတဲ့အခါမှာ မတိုးခင် ကျွန်တော်တို့က Stopgap measure ပေါ့။ လောလောဆယ်အဆင်ပြေအောင် ကျွန်တော်တို့ က ဆရာဝန်တွေကို ယာယီ သို့မဟုတ် အမြဲတမ်းချပေးမယ်။ သူနာပြုတွေကို ယာယီ သို့မဟုတ် အမြဲတမ်းတွဲပေးမယ်။ နောက်တစ်ချက်က ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို ပိုမြှင့်မှာပါ။ ဘာကြောင့် ကျွန်တော် ပြောလဲဆိုတော့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေကို ပိုမြှင့်ရင် ဆေးရုံလာတဲ့ လူနာဦးရေနည်းသွားမယ်။ လူနာရောဂါဖြစ်မှုနည်းသွားတဲ့အပြင် ဆေးရုံကို ရောဂါကျွမ်းပြီးမှလာတဲ့ လူနာတွေလည်း နည်းသွားတယ်။ အဲဒီတော့ တစ်ပြိုင်တည်း ကျွန်တော်က ပြည်သူ့ကျန်းမာရေးလုပ်ငန်း တွေ လုပ်ရပါတယ်။ အဲဒါကြောင့် ကျွန်တော်က ဆေးရုံတစ်ရုံလုပ်မယ်ဆိုရင် ကျွန်တော်က အဘက်ဘက်က စဉ်းစားရပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ချက်တင်ပြချင်တာကတော့ လွှတ်တော် ကိုယ်စားလှယ်ကြီးများကို ကျွန်တော်တို့အနေနဲ့ Order တော့မဟုတ်ဘူး။ လုပ်ခိုင်းထားပါတယ်။ မြန်မာပြည်တစ်ပြည်လုံးမှာရှိတဲ့ ဆေးရုံတိုင်း၊ ဆေးရုံတိုင်းရဲ့ Hospital Performance Indicator

ရယ်၊ ဆေးရုံမှာရှိတဲ့ လူ၊ ကျွမ်းကျင်မှုပေါ့။ ဆရာဝန်ကအစ ဓာတ်ခွဲကအကုန် အဆုံးအထိကို ဘယ်လောက်ခွင့်ပြုထားလဲ။ ဘယ်လောက်ခန့်ထားလဲ။ ဘယ်လောက်လစ်လပ်နေသလဲ။ အဲဒါတွေကို ကြည့်ပြီး ကျွန်တော် အကုန်လုပ်ထားတဲ့အတွက် နောက်ပိုင်းဆိုလို့ရှိရင် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ကြီးများ မတောင်းခင်ကတည်းက ကျွန်တော်တို့က ပေးပြီးသားလည်း ဖြစ်နေမှာပါ။ ကျွန်တော် အကုန်လုပ်ခိုင်းထားပါတယ်။

ထို့အပြင် ကျွန်တော်တို့ အခု ဘာလုပ်နေသလဲဆိုတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာန ယခင်က တစ်ခါမျှမရှိပါဘူး။ Computerize HRH System ပေါ့။ လူ့စွမ်းအားအရင်းအမြစ်ကို ကွန်ပျူတာစာရင်းထည့်လိုက်ရင်၊ ခလုတ်တစ်ချက်နှိပ်လိုက်ရင် မြန်မာပြည်မှာ နှလုံးရောဂါပါရဂူ ဘယ်နှစ်ယောက်ရှိတယ်။ နောက်နှစ်မှာ ပင်စင်ဘယ်နှစ်ယောက်သွားမလဲ အစရှိသဖြင့်ပေါ့။ ဘယ်ဆေးရုံမှာ လစ်လပ်တာရှိတယ်။ တစ်ခါတည်း ခလုတ်နှိပ်လိုက်တာနဲ့ ကျွန်တော်တို့ သိမယ်။ အဲဒါ လည်း ကျွန်တော်တို့ လုပ်နေပါတယ်။ အဲဒါသိမှသာလျှင် ကျွန်တော်တို့မှာထုတ်နေတဲ့ တက္ကသိုလ်တွေ၊ သူနာပြုကျောင်းတွေ၊ University of Community Health ဒါတွေက အကုန် ဘယ်လောက်ထုတ်ရ မယ်ဆိုတာ ကျွန်တော်တို့ကသိမယ်။ အခုဟာက သုံးတာနဲ့ထုတ်တာက မချိန်ထားဘူးခင်ဗျား။ မချိန်ထားတဲ့အခါကျတော့ အခု လွှတ်တော်ကိုယ်စားလှယ်ကြီးများပြောသလို ဆရာဝန်မရှိဘူး။ အဲဒီလိုဖြစ်နေပါ တယ်။ အဲဒါကို ကျွန်တော် ပထမဆုံး ကျွန်တော်က ကနဦးတင်ပြလိုပါတယ်။

အဲဒီတော့ ဒီမေးခွန်းနှင့်ပတ်သက်လို့လောက်ာ့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့၊ ၂၅ ခုတင်ဆံ့မှာ ဆင်ပေါင်ဝဲမှာ မြို့နယ်ဆေးရုံတစ်ရုံရှိပါတယ်။ ချောင်းကောက်တိုက်နယ်ဆေးရုံ၊ ဆင်မတောင် တိုက်နယ်ဆေးရုံ၊ မိုးညောင်သာတိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံလေးရုံရှိပါတယ်။ ဒီ ဆင်ပေါင်ဝဲ ဆေးရုံရဲ့အညွှန်းကိန်းတွေကို ကြည့်တဲ့အခါမှာ တော်တော်လေးနည်းနေတာကို တွေ့ရပါတယ်။ ခုတင် အသုံးပြုမှုသည် ၂၀၁၁ ခုနှစ်မှာ ၃၀ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်မှာ ၃၄ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်မှာ ၂၆ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၅၈ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၃၀ ရာခိုင်နှုန်း ပျမ်းမျှခြင်းအားဖြင့် ၃၀ ရာခိုင်နှုန်းလောက်ပဲ ခုတင်က အသုံးပြုမှုတွေ့ရတဲ့အတွက် ကျွန်တော်တို့ ဒီ ၂၅ ခုတင်ကနေပြီးတော့ ခုတင် ၅၀ ကို တိုးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့က ခုတင်အသုံးပြုမှုဟာ ၁၅၀ ရာခိုင်နှုန်းအထိရှိမှသာလျှင် ကျွန်တော်တို့က လုပ်ရပါတယ်။ သို့သော် လည်းပဲ ၁၅၀ မရှိသော်လည်းငြားလည်း ကျွန်တော်တို့က တက်လာတဲ့ tran တွေမှာ ၁၂၀၊ ၁၃၀ ဆိုရင်လည်း

ကျွန်တော်တို့က တိုးပေးရင်တိုးပေးမှာပါ။ ဒီ ၁၅၀ ဆိုတာ တသတ်မတ်တည်းသတ်မှတ် တာ မဟုတ်ပါဘူး။ ဒါ Generally အဲဒီလို သတ်မှတ်ထားတာဖြစ်ပါတယ်။

ဒီဆေးရုံရဲ့ အတိအကျပြောရမယ်ဆိုရင် မွေးလူနာအနေနဲ့လည်း တစ်နှစ်လုံးမှာ ၅၀ ပဲမွေးပါ တယ်ခင်ဗျား။ နောက် ၆၀၊ ၅၀၊ ၄၀၊ ၇၀၊ ၅၈ အဲဒီလောက်ပဲမွေးပါတယ်။ တစ်နေ့ကို ပျမ်းမျှဆေးရုံ တက်တဲ့လူနာကလည်းပဲ လေးယောက်လောက်ပဲရှိပါတယ်။ နောက် အပြင်လူနာဦးရေကလည်း တစ်နေ့မှာ ရှစ်ယောက်လောက်ပဲရှိပါတယ်။ ခုတင်အသုံးပြုမှုကတော့ အခုနက ကျွန်တော် ပြောပြီးတဲ့ အတိုင်းပါပဲ။ လူနာတစ်ယောက်သည် ဆေးရုံတက်ရင် ငါးရက်လောက် ကြာကြာနေပါတယ်။ အဲဒီတော့ ဒါဟာ သိပ်မကြာတဲ့အတွက် turnover က သိပ်မြန်တဲ့အတွက် ခုတင်ပြည့်မှုကနည်းမယ်ဖြစ်တဲ့အတွက် အခြေအနေကောင်းပါတယ်ခင်ဗျား။ အဲဒီတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က ဒီနေရာမှာ ကျွန်တော် ဘာတင်ပြချင်သလဲဆိုတော့ ဒီဆေးရုံရဲ့ လစ်လပ်တဲ့ဆရာဝန်သုံးဦးကို ကျွန်တော်တို့ ခန့်ပေးလို့ရပါပြီ။ ၁၇၆၈ ယောက် အခု ဖောင်ကြီးနဲ့ ဇီးပင်ကြီးမှာတက်နေပါတယ်။ ရှစ်ပတ်ကြာလို့ရှိရင် ဒီဆရာဝန်တွေ ကို ကျွန်တော်တို့ စခန့်တော့မယ်။ ပေးပါမယ်။ ဒါပေမဲ့ ဒီ ဆင်ပေါင်ဝဲမှာ အရေးကြီးတာက ဘာအရေးကြီးလဲဆိုတော့ ဓာတ်မှန်ကျွမ်းကျင်နှစ်ယောက်စလုံးလစ်လပ်နေပါတယ်ခင်ဗျား။ ဒါကို ကျွန်တော်တို့ အမြန်ဆုံးခန့်မယ်။ ဆေးဘက်ကျွမ်းကျင်ကလည်း လုံးဝလစ်လပ်နေပါတယ်။ ဒါကို ကျွန်တော်တို့ အမြန်ဆုံးခန့်မှာပါ။ သူနာပြုအနေနဲ့ကတော့ အခြေအနေ ဒီလောက်ကြီးမဆိုးပါဘူး။ အထက်တန်းသူနာပြုငါးယောက်မှာ ငါးယောက်စလုံးရှိပါတယ်။ သူနာပြု ၁၀ ယောက်မှာ ခြောက်ယောက်လောက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ ဆင်ပေါင်ဝဲဆေးရုံကိုတော့ လောလောဆယ် ခုတင်တိုးဖို့ အစီအစဉ်မရှိသေးကြောင်း ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ် ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(၂၄)ရက်မြောက်နေ့သို့ တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့်

ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့်(ခ) ဦးအောင်ပွင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တန့်ယန်းမြို့ပြည်သူ့ဆေးရုံ အဆင့်တိုးမြှင့်နိုင်ရေး အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မေးခွန်းမေးမြန်းလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တန့်ယန်းမြို့ဟာ ခရိုင်ပြည်သူ့ဆေးရုံကြီးရှိရာ လားရှိုးမြို့နှင့် ၈၅ မိုင်ဝေးပြီး လူဦးရေ ၁၇၀၀၀၀ ကျော်၊ အိမ်ထောင်စု ၃၁၅၉၈ စု နေထိုင်ပါတယ်။ တန့်ယန်းမြို့နယ်ပြည်သူ့ဆေးရုံ ဟာ ၂၅ ခုတင်ဆံ့ဆေးရုံအဖြစ် ဆောင်ရွက်ခဲ့သည်မှာ နှစ်ပေါင်း ၂၀ ခန့်ရှိပြီလို့ သိရပါတယ်။ တိုက်နယ် ဆေးရုံသုံးခုဖွင့်ထားသော်လည်း ဝန်ထမ်းနှင့်ဆေးရုံသုံးပစ္စည်းများ ပိုမိုပြည့်စုံသော မြို့နယ်ပြည်သူ့ ဆေးရုံကိုသာ လူနာများ အားကိုးအားထားပြုကြပါတယ်။ ယခုတိုးပွားလာသော လူဦးရေနှင့် ဆေးရုံမှာ မျှတမှုမရှိတော့ပါ။ ဆရာဝန်နှင့် လူဦးရေအချိုးမှာ ၁ း ၃၄၈၈၁ ဖြစ်သဖြင့် ဆေးကုသမှုဆောင်ရွက် ရာတွင်လည်းကောင်း၊ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ဝန်ထမ်းများမှာ တာဝန်ပိမှုဆိုတဲ့ စိတ်ဖိစီးမှုနှင့်အတူ ထိုဝန်ထမ်းများထံမှ ဆေးကုသမှုခံယူရတဲ့ လူနာ များအတွက် အခက်အခဲနှင့်ကြုံတွေ့နေရပါတယ်။ ဆေးရုံအား အဆင့်တိုးမြှင့်ပြီး ဝန်ထမ်းအင်အား၊ ဆေးဝါးပစ္စည်းကိရိယာအင်အားများ လုံလောက်စွာပံ့ပိုးပေးပါရန် ကျန်းမာရေးဝန်ထမ်းနှင့် ပြည်သူ များက တင်ပြလာကြပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ တန့်ယန်းမြို့နယ် ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ခုတင် ၅၀ ဆံ့ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အကယ်၍ တိုးမြှင့်ပေးရန် အစီအစဉ်မရှိသေးပါက မည်သည့်ခုနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့် အနေနဲ့ ဒီမေးခွန်းကို ဖြေရမယ်ဆိုရင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့မှာ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံရှိပါတယ်။ ဒီတန့်ယန်းမြို့နယ်မှာ ဝန်းကောင်းတိုက်နယ်ဆေးရုံ၊ ခမ်ပန်

တိုက်နယ်ဆေးရုံ၊ မန်ကပ်တိုက်နယ် ဆေးရုံ၊ မိုင်းကောင်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံငါးရုံ ရှိပါတယ်ခင်ဗျား။ အဲဒီတော့ ကျွန်တော်ဒီဆေးရုံရဲ့ အညွှန်းကိန်းတွေကို ကြည့်တဲ့အခါမှာ ခုတင်အသုံးပြုနှုန်းက ၂၀၁၁ ခုနှစ်ကနေပြီးတော့ ၂၀၁၅ ခုနှစ်ကို ကြည့်တဲ့အခါမှာ ၆၈ ရာခိုင်နှုန်း၊ ၆၈ ရာခိုင်နှုန်း၊ ၆၆ ရာခိုင်နှုန်း၊ ၈၄ ရာခိုင်နှုန်း၊ ရာခိုင်နှုန်း ၁၀၀ ဖြစ်လာတာ တွေ့ရပါတယ်။ သို့သော် ဆေးရုံမှာ အတွင်းလူနာပေါင်းက တစ်နှစ်လုံးမှာမှ ၂၃၅၉ ယောက်ပဲ ရှိပါတယ်။ အပြင်လူနာ စုစုပေါင်းက ၅၁၃၀ ပါ။ ၃၆၅ ရက်မှာ အပြင် လူနာက ၅၀၀၀ ကျော်ပဲရှိပါတယ်။ ဆေးရုံမှာ မွေးတဲ့လူနာကလည်း တစ်ယောက်ကျော်ကျော်ပဲ ရှိပါတယ်။ တစ်နှစ်လုံးမှာမှ ၄၉၄ ဦးပဲ ရှိပါတယ်ခင်ဗျား။ တစ်နေ့ပျမ်းမျှ အပြင်လူနာကလည်း ကိုးယောက်၊ ကိုးယောက်၊ ၁၈ ယောက်၊ ၁၆ ယောက်၊ ၂၁ ယောက်ပဲ ရှိတယ်။ သို့သော်လည်း ဒီမှာကြည့်တဲ့အခါမှာ အကုန်လုံး Hospital Performance Inclinator အညွှန်းကိန်းတွေ နည်းနည်းလေးတော့ တက်လာတာတွေ့ရပါတယ်။ ဒီဆေးရုံမှာအဓိက ဘာလိုနေလဲ တွေ့တဲ့အခါကျတော့ ခွင့်ပြုဝန်ထမ်းက ၄၁ ဦး ရှိပါတယ်။ အဲဒီမှာ ၂၂ ယောက်ပဲရှိနေတာကို တွေ့ရပါတယ်။ ဥပမာ မြို့နယ်ဦးစီးမှူးက မရှိဘူးဖြစ်နေ ပါတယ်။ ဒါကတော့ အမှန်အတိုင်းပြောရရင်တော့ မဖြစ်သင့်ပါဘူးခင်ဗျား။ မြို့နယ်ဦးစီးမှူးမရှိတာကို ကျွန်တော်တို့ တွေ့ရပါတယ်။ နောက်တစ်ချက်က လက်ထောက်ဆရာဝန်သုံးဦးမှာလည်း တစ်ဦးပဲ ခန့်ထားတာ၊ နှစ်ယောက် လစ်လပ်နေပါတယ်။ ဒီလောက်အခြေအနေမှာတောင် ဆေးရုံအညွှန်းကိန်းက တက်လာတယ်ဆိုလို့ရှိရင်တော့ ဒီဆေးရုံရဲ့အသုံးပြုနှုန်းဟာ များတယ်ဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ကြီးပြောသလို လုံးဝလက်ခံပါတယ်။ ကျွန်တော်ဒီနေရာမှာ ဒီဟာကို မတိုးသော်ငြားလည်း ကျွန်တော်တို့ ဒီဟာကို အမြဲမပြတ်အသေးစိတ်၊ လအလိုက်၊ လအလိုက် ကျွန်တော်တို့ ကြည့်နေပါမယ်။ ကြည့်နေလို့ လိုအပ်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ တိုးမှာပါခင်ဗျား။ သူနာပြုအနေနဲ့ကတော့ ဒီဆေးရုံမှာ လုံလောက်စွာရှိတာကို တွေ့ရပါတယ်။ အဲဒီတော့ ကျွန်တော်ဆိုလိုချင်တာကတော့ ဒီဆေးရုံကို လောလောဆယ်မှာတော့ လိုအပ်တဲ့ပစ္စည်းကိရိယာ၊ ဓာတ်မှန်ဓာတ်ခွဲကအစ ဓာတ်ခွဲမှာသုံးတဲ့ Reagent ကအစ အကုန်လုံးကောင်းအောင် ကျွန်တော်တို့လုပ်ပေးပါမယ်။ နောက် ဓာတ်မှန်ကျွမ်းကျင်မရှိတဲ့ဟာကိုလည်း ကျွန်တော်တို့အကုန်လုပ်ပေးပါ့မယ်ခင်ဗျား။ နောက် သွားဆရာဝန်တော့ ဒီမှာရှိပါတယ်ခင်ဗျား။ သူနာပြုတွေလည်း အဆင်ပြေတဲ့အတွက် လောလောဆယ်တော့ ဒီဆေးရုံကို ကျွန်တော်တို့အနေနဲ့ကတော့ သေချာစောင့်ကြပ်ကြည့်ရှုတဲ့အဆင့်သာထားပြီးတော့

လိုအပ်ရင် လိုအပ်သလို ကျွန်တော်တို့ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးအား ပြောကြားလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးစိုင်းအောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ ထပ်ဆင့်မေးခွန်းမေးမြန်းလိုပါတယ်ခင်ဗျား။ ကျွန်တော် လေ့လာကြည့်သလောက်ဆိုရင် ကျွန်တော်တို့ဆီမှာ ဆရာဝန်မပြည့်စုံတာ တခြားပြည်မကလာတဲ့ဆရာဝန်တွေက ကျွန်တော်တို့ဆီမှာ ကြာရှည်မနေချင်ပါဘူး။ နည်းနည်း တစ်နှစ်၊ နှစ်နှစ်လောက်ကြာလို့ရှိရင် ပြောင်းသွားချင်ပါတယ်။ အဲဒါကြောင့်မို့ အခု ကျွန်တော်တို့ တန့်ယန်းမြို့မှာ ဆေးပညာသင်တွဲ့ရတဲ့ ကျောင်းဆင်းတွေ သုံးယောက်၊ လေးယောက် ရှိပါတယ်။ ဇီးပင်ကြီးသင်တန်းမှာ တက်နေပါတယ်။ အဲဒါကို ကျွန်တော်တို့အဲဒီကလေးတွေကို တန့်ယန်းမြို့ သူတို့ဇာတိမြေမှာ ခန့်ပေးထားနိုင်ဖို့ အစီအစဉ်ရှိ/မရှိ ထပ်ဆင့်မေးမြန်းလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ ဝေးလံတဲ့နေရာ မှာ လွှတ်လို့ရှိရင် များသောအားဖြင့် ဆရာဝန်တွေက မသွားချင်ကြပါဘူး။ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့က အခုဘာလုပ်မို့ စီစဉ်ထားလဲဆိုတော့ လုပ်လည်းလုပ်မှာပါ။ ဒီဆရာဝန်တွေဟာ ဘွဲ့လွန်သင်တန်းတက်တဲ့အခါမှာ သူတို့အမှတ်ပေးတဲ့စနစ်ရှိပါတယ်။ ဒီအမှတ်ပေးတဲ့စနစ်မှာ တော်တော့်ကို ဝေးလံခေါင်ပါးတဲ့နေရာမှာ သွားပြီးတာဝန် တစ်နှစ်ထမ်းဆောင်ရင် အမှတ်က ဘယ်လောက်ပိုရမယ်။ နှစ်နှစ်ထမ်းဆောင်ရင် ဘယ်လောက်ပိုရမယ်ဆိုရင် လုပ်မှာပါ။ အဲဒါဆိုလို့ရှိရင် တော်တော်များများသည် ဆရာဝန်တွေများက သွားမှာပါ။ အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို တက်နေတဲ့ဟာက အခုဖောင်ကြီးသင်တန်းနှင့် ဇီးပင်ကြီးသင်တန်းမှာ တက်နေတဲ့ဆရာဝန်တွေထဲမှာပါရင်တော့ ချက်ချင်း ကျွန်တော်တို့လုပ်ပေးပါမယ်။ မပါဘူးဆိုလို့ရှိရင် မပါတောင်မှ ဒီဆရာဝန်တွေထဲကနေ ခန့်ပေးပါမယ်ခင်ဗျား။ တန့်ယန်းမြို့နယ်ရဲ့လူဦးရေဟာလည်း ၁၇၀၀၀၀ လို့ ပြောတဲ့အခါကျတော့ တော်တော်လေးများပါတယ်။ တန့်ယန်းမြို့လည်း ကြီးပါတယ်။ ဒါကိုတော့ သေချာစူးစမ်းလေ့လာ ပြီးတော့ Monitor လုပ်ပြီး ကျွန်တော်တို့လုပ်မှာပါခင်ဗျား။ သေချာပါတယ်။ ပစ်မထားပါဘူးခင်ဗျား။ ဒါကိုသေချာလုပ်ပေးပါ့မယ်။ (ဩဘာသံများ)

**မူကြမ်း**

**၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဝေါမြို့နယ် ပြည်သူ့ဆေးရုံအား ၂၅ ခုတင်ဆံ့ဆေးရုံမှ ၅၀ ခုတင်ဆံ့ဆေးရုံ အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးတို့အား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါ တယ်ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ရှေ့ကလွှတ်တော် ကိုယ်စားလှယ်ကြီးမေးသွားတဲ့ အတိုင်းပါပဲ။ ခုတင် ၂၅ ခုတင်ဆံ့ကနေပြီးတော့ ခုတင် ၅၀ ဆံ့တိုးမြှင့် ပေးဖို့ အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်လို့ မေးမြန်းခြင်းပဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဝေါမြို့နယ်ဟာ ပဲခူးတိုင်းဒေသကြီးရဲ့ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရဲ့ ဝင်ပေါက် လမ်းမကြီးပေါ်မှာရှိတဲ့ မြို့နယ်ဖြစ်ပါတယ်။ ဒီမြို့နယ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့မြို့နယ်ရဲ့ အကျယ်ဟာ ၃၇၆ စတုရန်း မိုင်ကျယ်ပြီးတော့ လူဦးရေသိပ်သည်းမှုကတော့ တစ်စတုရန်း ကီလိုမီတာမှာ ၅၃၆.၂ နေထိုင်တဲ့မြို့နယ်ပဲဖြစ်ပါတယ်။ မြို့နယ်မှာ ကျန်းမာရေးဌာနက တစ်ခုရှိ ပါတယ်။ တိုက်နယ်ဆေးရုံလေးခုရှိပြီးတော့ ကျန်းမာရေးဌာနခွဲ ရှစ်ခုရှိပါတယ်။ လူနာအနေနဲ့ ပတ်သက်လို့ကတော့ ခုနက မြေပြင်အနေအထားအရ ကျွန်တော်တို့ ဝေါမြို့နယ်ဆေးရုံမှာ တွေ့နေရ တာက လူနာဟာနည်းနည်းလေးပြင်းထန်မယ်ဆိုလို့ရှိရင် ဆေးရုံကလက်မခံဘူး။ လက်မခံဘဲနဲ့ ရန်ကုန်နှင့် ပဲခူးကိုပို့တာများတဲ့အခါကျတော့ လူနာအတက်အဆင်းစာရင်းဟာ ဒီနေ့ ကျွန်တော်တို့ ပြည်သူတွေမှာ တော်တော်လေးကို အခက်အခဲသွားတွေ့နေရတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ တွေ့ကြုံနေရတာ လွန်ခဲ့တဲ့သုံးနှစ်ခန့်ကတည်းက အဲ့ဒီလိုပဲ တွေ့ကြုံရတော့ ကျွန်တော်တို့ကိုယ်တိုင်ပဲ မြို့နယ်ဆရာဝန်ကြီးနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအာဏာပိုင်တွေနဲ့ ဒီကိစ္စကို ပြောတဲ့အခါမှာလည်း ယနေ့ထိ လှုပ်ရှားမှုမရှိဘဲနဲ့ လူနာကိုဆေးရုံမှာလက်မခံဘဲနဲ့ အခြားဆေးရုံတွေကို လွှဲပြောင်းပေးတာ များတဲ့အတွက် လူနာဟာ ဆေးရုံမှာ ရှင်းသလောက်ကို ရှိနေတာကို သွားတွေ့ရတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့၊ သက်ဆိုင်ရာများနဲ့ အားလုံးပူးပေါင်းပြီးတော့ ဆေးရုံဝန်းကလည်းကျယ်တယ်။ ဆေးရုံအနေအထားနဲ့ မြို့နယ်ရဲ့အနေအထားနဲ့ လူနာဖြစ်တဲ့အနေအထားပေါ်မှာ အားလုံးကြည့်မယ် ဆိုလို့ရှိရင်တော့ ခုတင် ၅၀ ဆံ့ဖြစ်သင့်တယ်ဆိုပြီးတော့ ပြီးခဲ့တဲ့ ပထမအကြိမ်လွှတ်တော်မှာလည်းပဲ ကျွန်တော်တို့ ဝေါရဲ့လွှတ်တော်ကိုယ်စားလှယ်က တောင်းခံတဲ့အခါမှာ ကျန်းမာရေးဝန်ကြီးဌာနကနေ

ပြီးတော့ လုပ်ပေးပါ့မယ်ဆိုပြီးတော့ ကတိပြုသွားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ နောက်ပိုင်းမှာ ကျွန်တော်တို့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတဲ့အခါမှာ ဒါကို ကတိကဝတ်ပျက်တဲ့အတွက် ပြန်တင်ပြလာတဲ့အတွက် ကျွန်တော် ၂၅ ခုတင်ဆံ့ကနေပြီးတော့ ၅၀ ခုတင်ဆံ့ကို ပြန်လည်တောင်းခံခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တောင်းခံခြင်းဟာ လက်ရှိမြို့နယ်ရဲ့အနေအထားနဲ့ အကျယ်အဝန်းနဲ့ နောက်အဝေးပြေးလမ်းမကြီးပေါ်မှာရှိတဲ့အနေအထားများအရ နေ့စဉ်လိုလို ယာဉ်တိုက်မှုတွေဖြစ်လူနာတွေကလည်းများလာတဲ့အတွက် အကယ်၍များ ခုတင် ၅၀ ဆံ့ရမယ်ဆိုရင် ဆေးဝါးကုသမှုနှင့် အထောက်အကူပစ္စည်းများ ပြည့်စုံမယ်ဆိုလို့ရှိရင် များစွာအဆင်ပြေမှာဖြစ်တဲ့အတွက် ဒါလေးကို ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မဖြစ်သည့်တိုင်အောင်တောင်မှပဲ နောက် မည်သည့်ခုနှစ်မှာ ကျွန်တော်တို့ ပေးနိုင်ပါ့မလဲဆိုတာကို လေးစားစွာဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် တောင်းခံ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်တွင် ၂၅ ခုတင်မြို့နယ်ဆေးရုံတစ်ရုံ၊ မြစ်ကျိုးတိုက်နယ်ဆေးရုံ၊ သရဲသားမိန်တိုက်နယ်ဆေးရုံ၊ ညောင်ခါးရှည်တိုက်နယ်ဆေးရုံ၊ ကတွတ်တိုက်နယ်ဆေးရုံ၊ ဆင်ရွာတိုက်နယ်ဆေးရုံ၊ ဖိုးဦးစိန်တိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံခုနစ်ရုံရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ် ၂၅ ခုတင်ဆံ့မှ ၅၀ ခုတင်ဆံ့အဆင့်ကို တိုးမြှင့်ရန်အဆိုကို တင်ပြခဲ့သော်လည်း သွားလာရေးလွယ်ကူသောမြို့များအား ဦးစားပေးစဉ်းစားရန်မသင့်သေးသဖြင့် တိုးမြှင့်ဖွင့်လှစ်မည့်အစီအစဉ်အား ပြန်လည်သုံးသပ်တင်ပြပေးရန် အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားထားပါတယ်။ သို့အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံခွင့်ပြုမိန့်မရရှိခြင်း ဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော့်အနေနဲ့ ဒီဆေးရုံခုတင်အသုံးပြုနှုန်းတွေကို လေ့လာတဲ့အခါမှာ ဆေးရုံခုတင်အသုံးပြုနှုန်းဟာ ၂၀၁၁ ခုနှစ် ကနေ ၂၀၁၅ ခုနှစ်ထိ တဖြည်းဖြည်းတက်လာပါတယ်။ ၇၅ ရာခိုင်နှုန်း၊ ၁၀၅ ရာခိုင်နှုန်း၊ ၉၅ ရာခိုင်နှုန်း၊ ၁၂၂ ရာခိုင်နှုန်း၊ ၂၀၁၅ မှာ ၁၀၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ ရာခိုင်နှုန်းတော့ ၁၀၀ ကျော်ပါတယ်။ တိုးမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့က ၁၅၀ ရှိမှသာလျှင်

တိုးရမည်ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော့်အနေနဲ့က လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ပြောသလို ဒီဆေးရုံကိုလာလို့ရှိရင် တစ်ချိန်လုံး ပဲခူးဆေးရုံလွှတ်လိုက်၊ ရန်ကုန်ဆေးရုံအတွက် ဆိုလို့ရှိရင် ဒါကတော့ မဖြစ်သင့်ပါဘူး။ တကယ့်တကယ် ဒီဆေးရုံမှာသာ ကျွမ်းကျင်တဲ့ဆရာဝန်၊ Ortho ဆရာဝန်တွေဘာတွေရှိရင် ဒီမှာတင် ချက်ချင်းလူနာကုရင် လူနာက မသေသင့်ဘဲမသေပါဘူး။ ဒီရန်ကုန်ဆေးရုံကြီးအပို့၊ ပဲခူးဆေးရုံအပို့မှာလည်း လူနာဟာသေသွားနိုင်တယ်။ အဲဒီတော့ ဒီကိစ္စကိုတော့ ကျွန်တော် ပြည်နယ်/တိုင်းဦးစီးမှူးကို ဒီဆေးရုံနဲ့ပတ်သက်ပြီး အသေးစိတ်ထပ်မံလေ့လာပြီးတော့ ကျွန်တော် ဒါကို စုံစမ်းမှာပါ။ ဘာလို့ဆိုတော့ ကျွန်တော်တို့က Road Traffic Accident ကလမ်းမကြီးမှာရှိတဲ့အတွက် ဒါပိုလည်းအရေးကြီးပါတယ်။ Road Traffic Accident ကအရမ်းဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ဒါဟာပေးမယ်။ သို့သော် ၂၀၁၇-၂၀၁၈ မှာတော့ ဖြစ်နိုင်ပါတယ်။ ကျွန်တော် တိုင်းဦးစီးမှူးက သွားရောက်ပြီး ကျွန်တော် သူဘာတွေကို ကြည့်ရမယ်ဆိုတာ ကျွန်တော် အသေးစိတ်ကိုယ်တိုင် ညွှန်ကြားမှာပါ။ ညွှန်ကြားပြီးရလာတဲ့အဖြေသိရင် ကျွန်တော်တို့ကြည့်ပြီးတော့ တိုးသင့်တယ်ဆိုလို့ရှိရင် ၂၀၁၆-၂၀၁၇ မှာ ဖွဲ့စည်းပုံတောင်းထားပြီးတော့ ၂၀၁၇-၂၀၁၈ မှာ ငွေရအောင်လုပ်ပြီးတော့ ကျွန်တော်တို့ ဒါကိုတိုးပေးဖို့အစီအစဉ်ရှိပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ အဲဒီလောက်ပဲဖြေချင်ပါတယ်။

**မြောက်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက်ရှိ မဏ္ဍိုင်အားကစားကွင်းကို မြို့နယ်အဆင့် အဆင့်မြင့်အားကစားကွင်းကြီးအဖြစ် သက်ဆိုင်ရာမှဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြောက်ဥက္ကလာပမဲဆန္ဒနယ်က ကျွန်တော်ဒေါက်တာသန်းဝင်းမေးမယ့် မေးခွန်းကတော့ မြို့နယ်အဆင့်အားကစားကွင်းရရှိရေးကိစ္စဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်ဟာ ရွှေပေါက်ကံမြို့သစ် ရပ်ကွက်၊ ဝေဘာဂီမြို့သစ်ရပ်ကွက်အပါအဝင် ရပ်ကွက်ပေါင်း ၁၉ ခုနဲ့ ဖွဲ့စည်းထားတဲ့မြို့နယ်ဖြစ်ပြီးတော့ လူဦးရေ သုံးသိန်းကျော်ခန့်ရှိပါတယ်။ လူတန်းစားလွှာအသီးသီးနဲ့ လူဦးရေထူထပ်သိပ်သည်းသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ မြောက်ဥက္ကလာပ မြို့နယ်မှာဆိုလို့ရှိရင် အရက်ဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ ကာရာအိုကေဆိုင်တွေ ပေါများသော်လည်းပဲ အားကစားကွင်းများဟာ အထူးနည်းပါးလျက်ရှိပါတယ်။ ယခင်က မြို့နယ် အဆင့်အားကစား

ကွင်းကြီးများရှိခဲ့သော်လည်း ပျောက်ကွယ်သွားသည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီဖြစ် ပါတယ်။ မြောက်ဥက္ကလာပမြို့နယ်အတွက် မြို့နယ်ကြီးတစ်ခုရဲ့ အင်္ဂါရပ်များနှင့်ပြည့်စုံစေရန် လည်းကောင်း၊ မြို့နယ်အတွင်းမှာရှိတဲ့ လူငယ်၊ လူရွယ်များ အားကစားလှုပ်ရှားမှုများ ပြုလုပ်နိုင်ရန် အတွက် လည်းကောင်း၊ မြို့နယ်အဆင့်အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရန်နှင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံ့သား ကောင်းများပေါ်ထွက်နိုင်စေရန်အတွက်လည်းကောင်း၊ မြို့နယ်အဆင့် အဆင့်အတန်းမြင့် သော အားကစားကွင်းကြီးတစ်ခု လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမယ့်မေးခွန်းက တော့ မြောက်ဥက္ကလာပမြို့နယ်မှာရှိတဲ့ (ဂ)ရပ်ကွက်အတွင်းမှာရှိသော မဏ္ဍိုင်အားကစားကွင်းကြီးကို မြို့နယ် အဆင့် အဆင့်မြင့်အားကစားကွင်းကြီးအဖြစ် သက်ဆိုင်ရာမှဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစား စွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးခင်ဗျား။ မြန်မာဘောလုံးအားကစားတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ Myanmar National League ဘောလုံးအသင်းပြိုင်ပွဲများနှင့် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ ကျင်းပရန် ပြိုင်ပွဲဘောလုံးကွင်း ၁၄ ကွင်း၊ လေ့ကျင့်ရေးဘောလုံးကွင်း ၁၀ ကွင်း စုစုပေါင်း ၂၄ ကွင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဝန်ကြီးချုပ်ရုံး၏ လမ်းညွှန်ချက်အရ အစိုးရအဖွဲ့ရုံးသို့ လွှဲပြောင်း အပ်နှံပြီး ၈-၁၁-၂၀၁၀ ရက်နေ့မှစ၍ ယခင်အားကစားဝန်ကြီးဌာနမှ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ စီမံခန့်ခွဲမှုဖြင့် သက်ဆိုင်ရာဘောလုံးကလပ်အသင်းများသို့ ကနဦး သုံးနှစ် အခမဲ့ငှားရမ်းပေးပြီး အဆိုပါအခမဲ့ငှားရမ်းကာလပြည့်သည့်ရက်မှစ၍ နှစ်စဉ်ငှားရမ်းခများအား ပြိုင်ပွဲကွင်းကို တစ်နှစ်လျှင် သိန်း ၅၀၊ သိန်း ၃၀ နှုန်းဖြင့်လည်းကောင်း၊ လေ့ကျင့်ရေးကွင်းများကို ၁၂ သိန်း(သို့မဟုတ်) ၆ သိန်း နှုန်းဖြင့်လည်းကောင်း အသီးသီးသတ်မှတ်ကာ နှစ်ပေါင်း ၃၀ ငှားရမ်းသဘောတူစာချုပ်ချုပ်ဆို ထားခဲ့ကြောင်းတွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ကြည့်မယ်ဆိုရင် ကွင်းခြောက်ကွင်းသည် တစ်နှစ်လျှင် သိန်း ၅၀ နဲ့ငှားထားပါတယ်။ နှစ် ၃၀။ နောက် ကွင်း ၁၃ ကွင်းသည် တစ်နှစ်လျှင် ကျပ် သိန်း ၃၀ နှင့် ငှားထားပါတယ်။ ဒဂုံအားကစားကွင်းဆိုရင် တစ်နှစ်လျှင် ၁၂ သိန်းနှင့် ငှားထားပါတယ်။

လေ့ကျင့်ရေးအားကစားကွင်းလေးကွင်းကိုတော့ တစ်နှစ်လျှင် ခြောက်သိန်းနဲ့ငှားရမ်းထားပါတယ်။ နှစ် ၃၀ အဲဒီတော့ ရန်ကုန်မြို့တွင် မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်ရှိ မဏ္ဍိုင်အားကစားကွင်း အပါအဝင် ဘောလုံးကွင်း ၁၁ ကွင်းအားလည်းကောင်း၊ မန္တလေးမြို့တွင် နှစ်ကွင်း၊ ပုသိမ်တွင် နှစ်ကွင်း၊ မြစ်ကြီး နား၊ ဘားအံ၊ မော်လမြိုင်၊ စစ်တွေ၊ မုံရွာ၊ မကွေး၊ ပဲခူးမြို့တို့တွင် ဘောလုံးကွင်း တစ်ကွင်းစီဖြင့် ဘောလုံးကွင်းရှစ်ကွင်းနှင့် ကျွန်တော်တို့ ငှားရမ်းထားပါတယ်။ တောင်ကြီးမြို့ရှိ ပြည်နယ်ဘောလုံးကွင်းဟာ ကမ္ဘောဇကလပ်အသင်းမှ ပြန်လည်အပ်နှံသည့်အတွက် စုစုပေါင်း ၂၃ ကွင်းကျန်နေပါတယ်။ ဆိုလိုသည်မှာ ဤကွင်းများသည် ကျန်းမာရေးနှင့်အားကစားဌာနဝန်ကြီးပိုင် သော်လည်း ကျွန်တော်တို့က မပိုင်သလိုဖြစ်နေပါတယ်။ ကျွန်တော်တို့က ငှားရမ်းပြီးသားဖြစ်နေပါ တယ်။ အဲဒီတော့ ယခင် ၂၀၁၀ ခုနှစ်မတိုင်ခင်ကတော့ ဒီအားကစားဝန်ကြီးဌာနက ပိုင်ပါတယ်ခင်ဗျား။ ဘောလုံးကွင်းများ ငှားရမ်းခြင်းသဘောတူစာချုပ် အပိုဒ် ၁၃(က)တွင် အငှားချထားသည့် ဘောလုံး ကွင်းများကို အငှားချထားခြင်းခံရသူအား လွှဲပြောင်းပေးရ၊ အပ်ရမည်ဟု ဖော်ပြပါရှိသည့်အတွက် ယခင်အားကစားဝန်ကြီးဌာနမှ အငှားချထားခြင်းခံရသူ ဟံသာဝတီယူနိုက်တက်ဘောလုံးကလပ် အသင်းအား တစ်နှစ်လျှင် ငှားရမ်းခ သိန်း ၃၀ ဖြင့် နှစ်ပေါင်း ၃၀ ငှားရမ်းထားပါတယ်။ ဒီမြောက်ဥက္ကလာမြို့နယ် မဏ္ဍိုင်ကွင်းကြီးအား လွှဲပြောင်းပေးအပ်ခဲ့ပါတယ်ခင်ဗျား။ စာချုပ်ပါ အပိုဒ် ၁၄(ဂ)နှင့် အပိုဒ် ၁၅ (က)နှင့်(ခ)တို့အရ အငှားချထားသည့် အားကစားကွင်းအား မပျက်စီး အောင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ အဆင့်တိုးမြှင့်ခြင်း၊ ပြုပြင်ခြင်း၊ တိုးချဲ့သည့်လုပ်ငန်းများကို အစိုးရအဖွဲ့၏စာဖြင့် ကြိုတင်ခွင့်ပြု မိန့်သဘောတူညီချက်ရမှသာ ဆောင်ရွက်ရပါမည်။ ကုန်ကျ စရိတ်ကို အငှားချထားခံရသူက ကျခံရမှာဟုဖော်ပြထားတဲ့အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဟံသာဝတီယူနိုက်တက်ဘောလုံးကလပ် အသင်းတို့မှသာ သက်ဆိုင်ရာကစားကွင်း၏အဆင့်မြှင့်တင် ခြင်း၊ ပြုပြင်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်းများကို စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်မဆိုင်ပါ။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် (ဂ)ရပ်ကွက်ရှိ မဏ္ဍိုင် အားကစားကွင်းကို အဆင့်မြှင့်အားကစားကွင်းကြီးအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်း၊ တိုးချဲ့ ဆောက်မည်ဆိုပါက မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ပြည်သူလူထုများအနေနှင့် အားကစားပြိုင်ပွဲ များ ကျင်းပနိုင်ပြီး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးအတွက် အကျိုးဖြစ်ထွန်းလာမည်ဖြစ်သော် လည်း ငှားရမ်းထားရှိသည့်သဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်းချက်၊ သတ်မှတ်ချက်အတိုင်းသာ

ဆောင်ရွက်ရမည်ဖြစ်သဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အဆင့် အဆင့်မြင့်အားကစားကွင်းကြီးအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်မရှိပါကြောင်း ပြောကြားလိုပါတယ်။ ထို့အပြင် ဒီကွင်းကြီးကို မြို့နယ်မှာရှိတဲ့ရပ်ကွက်တော်တော်များများက လာကစားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ငှားထားတဲ့ ဒီမှာဆိုလို့ရှိရင်တော့ ယူနိုက်တက်ဘောလုံးအသင်း သူတို့ကို ခွင့်တောင်းရတယ်။ အဲဒီလိုဖြစ်နေပါတယ်ခင်ဗျား။ ကျွန်တော်တို့ ပြည်သူတွေတကယ်ကစားမယ်ဆိုလို့ရှိရင် သိပ်ပြီးတော့မရပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ကလည်း သိပ်ပြီးတော့မပေးချင်ဘူးဆိုတာ သူတို့က ကွင်းကို ပြင်ဆင်ထားတယ်။ သူတို့အသင်းတွေကို လေ့ကျင့်ဖို့အခါကျတော့ ကျွန်တော်တို့က သိပ်ပြီးတော့ ကစားလို့မရပါဘူး။ အဲဒီတော့ ဒီကိစ္စအနေနဲ့ကတော့ တစ်နိုင်ငံလုံးအတိုင်းအတာ အနေနဲ့ကတော့၊ ပြန်ပြီးတော့ သုံးသပ်သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီလောက်ပဲ ဖြေပါ့မယ်။ (သြဘာသံများ)

**ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ဒါးကတိုက်နယ်တွင် ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရွှေလှကြိုင်(ကန်ကြီးထောင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေလှကြိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်း ဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဒါးကကျေးရွာအုပ်စုမှာ ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ဖွင့်လှစ်ခွင့်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်းမေးခွန်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ် ဒါးကကျေးရွာအုပ်စုသည် အိမ်ခြေ ၁၅၃၉ အိမ်ရှိပြီး အိမ်ထောင်စု ၁၅၅၇ စု၊ လူဦးရေ ကျား/မပေါင်း ၇၇၁၁ ဦးနေထိုင်သော တိုက်နယ်အဆင့်ကျေးရွာအုပ်စုကြီးဖြစ်ပါတယ်။ ဒါးကကျေးရွာအုပ်စုသည် ပုသိမ်-ရန်ကုန်ကားလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၂၂/၂)တွင်တည်ရှိပြီး ကန်ကြီးထောင့်မြို့နှင့် ခုနစ်မိုင်ကွာဝေးပါတယ်။ ဒါးကကျေးရွာ

အနေဖြင့် ကန်ကြီးထောင့်မြို့နယ်နှင့်မဝေးကွာသော်လည်း ဒါးကကျေးရွာအုပ်စုကိုအမှီပြုပြီး နေထိုင်ရတဲ့ ဝက်ထိုး၊ ပျဉ်းမငူ၊ ညောင်ကုန်း၊ ဆိပ်သာ၊ ညောင်ချောင်း၊ ဘုရားချောင်း၊ သဘော့ငူကျေးရွာအုပ်စုများရှိ အိမ်ခြေပေါင်း ၄၆၇၅ အိမ်၊ အိမ်ထောင်စု ၄၄၉၃ စု၊ လူဦးရေ ကျား/မပေါင်း ၂၂၂၆၅ ဦးတို့မှာ ကန်ကြီးထောင့်ဆေးရုံနှင့်အလှမ်းကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိတဲ့ ကျေးရွာအုပ်စုများဖြစ်သဖြင့် အဆိုပါကျေးရွာနေပြည်သူများ ကျန်းမာရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များရှိသည့်အခါ ဒါးကကျေးလက်ကျန်းမာရေးဌာနကိုသာ အားကိုးနေရပါတယ်။ အထူးသဖြင့် မြွေကိုက်ခံရသောလူနာများနဲ့ ကလေးမွေးမရသောလူနာများ လမ်းပန်းအခက်အခဲကြောင့် ဆေးရုံသို့ အချိန်မီသွားရောက်နိုင်ခြင်းမရှိသဖြင့် အသက်ဆုံးရှုံးမှုများ ရှိခဲ့ရပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာပေါင်းမြို့နယ်နှင့် အလှမ်းကွာဝေးသော လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒါးကကျေးရွာအနီး သာပေါင်းမြို့နယ်အတွင်းရှိ ကျေးရွာစုစုပေါင်း ၂၃ ရွာ၊ အိမ်ထောင်စု စုစုပေါင်း ၂၉၉၅ စု၊ လူဦးရေ ၁၀၀၁၄ ဦးမှာလည်း ဒါးကကျေးလက်ကျန်းမာရေးဌာနကို အမှီပြုပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နေရပါတယ်။ ဒါးကကျေးရွာအုပ်စုတွင် ကျေးလက်ကျန်းမာရေးဌာနအဆင့်သာရှိပြီး ကျန်းမာရေးမှူးတစ်ဦးအပါအဝင် ကျန်းမာရေးဝန်ထမ်းပေါင်း ခြောက်ဦးဖြင့် အထက်ဖော်ပြပါ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ကျေးရွာအုပ်စုများရှိ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်နေရပါတယ်။ နိုင်ငံတော်မှ ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံတစ်ရုံ ချထားပေးနိုင်မယ်ဆိုရင် ပြည်သူများမှ ဝမ်းသာအားရ မျှော်လင့်နေကြောင်းနဲ့ ဆေးရုံဆောက်လုပ်ရန်အတွက် မြေနေရာကို ပုသိမ်-ရန်ကုန်ကားလမ်းမဘေးရှိ မြေအကျယ်အဝန်း လေးဧကရှိသော မြေနေရာအား ကျေးရွာအစီအစဉ်ဖြင့် အဆင်သင့်ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနသို့ မေးမြန်းလိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်ရှိ ဒါးကကျေးရွာတွင် ခုတင် ၁၆ လုံးဆံ့ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်းနှင့် ရှိမည်ဆိုပါက ကာလအားဖြင့် ဘယ်အချိန်မှာ တည်ဆောက်ပေးနိုင်မှာပါလဲ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**မူကြမ်း**

## ဖြေကြားချက်

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံးခင်ဗျား။ ကျွန်တော့်အနေနဲ့ စောစောက မေးခွန်းမှာ နှစ်ခုလေးကျန်သွားလို့ အဲဒါလေး ကျွန်တော့်ကို ဖြေခွင့်ပြုပါခင်ဗျား။ အားကစားကွင်းကိစ္စနှင့်ပတ်သက်လို့ ငှားရမ်းထားရှိသည့် ဘောလုံးအားကစားကွင်းများ၏ ငှားရမ်းခနှုန်းများနှင့် အားကစားကွင်းဘေးပတ်လည်မှာရှိတဲ့ ဈေးဆိုင်ခန်းများ၏ ငှားရမ်းခများကိုလည်း လစဉ်၊ နှစ်စဉ် ပေးသွင်းသည့် ဘောလုံးကလပ်အသင်းများရှိသလို ပေးသွင်းရန်ကျန်နေသည့် ဘောလုံးကလပ်အသင်းများလည်း ရှိပါတယ်။ ဘောလုံးကလပ်အသင်းများမှ ငှားရမ်းထားရှိသည့် အားကစားကွင်းများ၏ ငှားရမ်းခနှုန်းထားနှင့် ဈေးဆိုင်ခန်းများ၏ ငှားရမ်းခပေးသွင်းရန် ကျန်ရှိသည့် အခြေအနေမှာ ဇွန်လ ၂၀ ရက်နေ့ထိ စုစုပေါင်းငွေကျပ်သန်း ၃၂၆.၁၂ သန်းရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ အကြွေးတွေတော့မရသေးပါဘူးခင်ဗျား။ ဒီဧရာဝတီတိုင်း ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ် ဒါးကတိုက်နယ်တွင် ၁၆ ခုတင်ဆံ့ တိုက်နယ်အဆင့်တိုးမြှင့်ခြင်းကိစ္စနှင့်ပတ်သက်၍ အကြမ်းလေ့လာကြည့်တဲ့အခါမှာ ကန်ကြီးထောင့်မြို့နယ်တွင်၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံ၊ ကန်ရွာတိုက်နယ်ဆေးရုံ၊ ကျိုက်လတ်တိုက်နယ်ဆေးရုံ စုစုပေါင်း ဆေးရုံသုံးရုံရှိပါတယ်။ ဒါးကကျေးလက်ကျန်းမာရေးဌာနပိုင်နေ မြေအကျယ်အဝန်းမှာ ၅၆.၈ စတုရန်းမိုင်ရှိပြီး ကျေးရွာအုပ်စုပေါင်း ၁၃ စု၊ ကျေးရွာပေါင်း ၈၆ ရွာနှင့်လူဦးရေ ၃၄၀၈၂ ဦးရှိပါတယ်။ ဒါးကကျေးလက်ကျန်းမာရေးဌာနသည် ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် ၇ မိုင် ၄ ဖာလုံကွာသာဝေးပြီး မော်တော်ယာဉ်ဖြင့် မိနစ် ၃၀ ခန့်သာသွားရပါသည်။ ပုသိမ်ပြည်သူ့ဆေးရုံကြီးနဲ့ ၂၂ မိုင် ၂ ဖာလုံဝေးပြီး ဒါးကကျေးလက်ကျန်းမာရေးဌာနမှ ၁ နာရီ ၄၅ မိနစ်၊ ၂ နာရီခန့် သွားလာရပါတယ်။ ဒီမှာ ကျောက်ကုန်းမြို့နယ် ဒေါင့်ကြီးတိုက်နယ်ဆေးရုံနဲ့ ၃ မိုင်ခွဲသာကွာဝေးပြီး သွားလာရေးတော့ လွယ်ကူတဲ့နေရာဖြစ်ပါတယ်။ ဒါးကဆေးရုံကို ကျွန်တော့်အနေနဲ့ လွန်ခဲ့တဲ့ တစ်လခွဲလောက်ကလည်း ရောက်ပြီးပါပြီ။

ထို့ပြင် ကျွန်တော့်အနေနဲ့လည်း နိုင်ငံတော်သမ္မတကြီးရဲ့ ဇူလိုင်လ ၂၆ ရက်နေ့ ခရီးစဉ်မှာ ကျွန်တော်လည်း ပါဝင်သွားပါတယ်။ အဲဒီတော့ ဒီကိစ္စကို ဒါးကမြို့နယ်မှာရှိတဲ့ ရပ်မိရပ်ဖများနဲ့ ထပ်တွေ့ပါတယ်။ ပထမအကြိမ် လွန်ခဲ့သော တစ်လခွဲသွားတုန်းကလည်း ရပ်မိရပ်ဖတွေနဲ့ တွေ့ပါတယ်။ သူတို့ရဲ့ဆန္ဒကလည်း တော်တော်ပြင်းပြပါတယ်။ အခု လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို မြေဧကကလည်း လေးဧကလည်းရှိတယ်ဆိုတော့ ကျွန်တော်က အခုသမ္မတကြီးနှင့် ခရီး

စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး၊ တိုင်းဦးစီးကုသရေးမှူး ဒေါက်တာထွန်းမြင့်ကို ကိုယ်တိုင်မှာ ခဲ့ပါတယ်။ ဒီဟာကို အသေးစိတ်လေ့လာဆန်းစစ်ပြီးတော့ ကျွန်တော့်ဆီကိုတင်ပြဖို့၊ အဲဒါသူ့ဆီက စာတော့ မတက်လာသေးပါဘူး။ မကြာခင်တော့ တက်လာမယ်လို့ ကျွန်တော်ထင်ပါတယ်။ တက်လာရင် အထူး ကိစ္စတစ်ရပ်အနေနဲ့ ကျွန်တော်စဉ်းစားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒါးကရဲ့ ရပ်မိရပ်ဖတွေက တော်တော့်ကို ဆန္ဒပြင်းပြနေပါတယ်။ မြေနေရာကလည်းရှိတယ်ဆိုတော့ ဖြစ်နိုင်ဖို့အလားအလာတော့ တော်တော်ကောင်းပါတယ်။ သို့သော် ဒီနေရာမှာ ယတိပြတ်တော့မပြောဘူး။ သို့သော်အလားအလာ တော့ အလွန့်အလွန်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့တင်ပြသလို အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ဒါးကက ဘယ်လိုဖြစ်ချင်လဲဆိုတော့ အနီးအနားကျေးရွာတွေကလာလို့ရှိရင် သူတို့က ဒီနေရာမှာကုပြီးတော့ တစ်ခါတည်းလုပ်လိုက်ချင်တယ်။ ဆက်ပြီးမလွဲချင်ဘူး။ ကျွန်တော်တို့ က ပထမဆုံးဘာနဲ့လုပ်မယ်လို့ပြောထားသလဲဆိုရင်တော့ အရင်ဆုံး ကျေးလက်ကျန်းမာရေးဌာန ဆိုတော့ ဆရာဝန်တော့မထားရဘူး။ သို့သော် ကျွန်တော်တို့က အထူးကိစ္စတစ်ရပ်အနေနဲ့ဆရာဝန် တစ်ယောက်ကိုသုံးလလောက် ထားကြည့်ပါမယ်။ ထားကြည့်ပြီး လာတဲ့လူနာက ဘယ်လိုလူနာတွေလာ သလဲ။ ဘယ်လိုရောဂါ၊ ဘယ်လိုပုံစံနဲ့လာသလဲ။ လိုအပ်မယ်ဆိုလို့ရှိရင်တော့ ၁၆ ခုတင်ကို လုပ်ပေး မှာပါ။ ကျွန်တော့် နေရာမှာဆက်လက်စဉ်းစားမယ် လုပ်ဆောင်ဖို့ အလားအလာကောင်းတယ်ဆိုတာ လောက်ပဲ အခုအချိန်တော့ အဲဒီလောက်ပဲပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဟုမ္မလင်းမြို့နယ်အတွင်း ဥရုအထက်ပိုင်းဒေသပါ ဟုတ်ကြီးကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးရန်နှင့် အသစ်ခွဲဝေချထားပေးသော ကျန်းမာရေးဌာနနှင့် ကျန်းမာရေးဌာနခွဲများတွင် ကျန်းမာရေး ဆရာဆရာမများ ခန့်ထားပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ဟုမ္မလင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့် ဖြစ်ပါတယ်။ ကျွန်တော်က ဟုမ္မလင်းမြို့နယ် ဥရုအထက်ပိုင်းဒေသ ပါဟုတ်ကြီးကျေးရွာမှာ ဒေသရဲ့လိုအပ်ချက်အရ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ် ပေးနိုင်ခြင်းရှိ/မရှိနှင့် လစ်လပ်နေသော ကျန်းမာရေးဝန်ထမ်းများနေရာအား အလျင်အမြန်ခန့်ထား ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း၍ မေးခွန်းမေးမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံး

ခွင့်ပေးပါခင်ဗျား။ ဒါက ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ရဲ့ ကျန်းမာရေးဌာနနယ်မြေပြမြေပုံဖြစ်ပါတယ်။ ကျွန်တော်တို့ဟုမ္မလင်းမြို့နယ်ဟာ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၄၃၂၆.၄၄၈ စတုရန်းမိုင်ကျယ်ဝန်းပြီးတော့မှ ကျွန်တော်တို့နိုင်ငံမှာ အကျယ်ဝန်းဆုံးမြို့နယ်ထဲမှာ ပါဝင်ပါတယ်။ ဒါကတော့ ကျွန်တော်တင်ပြတဲ့ ဥရုအထက်ပိုင်း ဘိုကုန်း RHC ပိုင် နယ်မြေပုံဖြစ်ပါတယ်။ ဘိုကုန်းကနေ အထက်ဘက် မန်စိမ်း၊ နန်းနစ် ပတ္တလားကို ရောက်ဖို့မလွယ်ပါဘူး။ ဘိုကုန်းကနေ နန်းနစ်၊ မန်စိမ်း၊ ပတ္တလာကိုသွားချင်ရင် ချောင်းရိုးအတိုင်း ပြန်စုန်ဆင်းပြီး ချောင်းရိုးအတိုင်း ပြန်တက်ရတဲ့အတွက် ဒီမှာကျတဲ့ဆရာမဟာ ဘိုကုန်း၊ နန်းနစ်၊ ပတ္တလားကို တစ်နှစ်နေလို့ တစ်ခေါက်တောင် မရောက်နိုင်ပါဘူး။ အဲဒါလေးလည်း ပြောချင်ပါတယ်။ ဒီ ဘိုကုန်း၊ နန်းနစ်၊ ပတ္တလားအထိ ကျွန်တော်တို့ဟုမ္မလင်းကနေ ရေမိုင်က ၁၄၉ မိုင်ကွာဝေးပါတယ်။ လွှတ်တော်ပိတ်ရက်မှာ ပြည်သူများ နှင့် တွေ့ဆုံဖို့ ကျွန်တော် နယ်ဆင်းတဲ့အခါမှာ ဟုမ္မလင်းကနေ နန်းနစ် ပတ္တလားအထိကို ကျွန်တော် စက်လှေခ ခြောက်သိန်းငှားပြီး သွားရပါတယ်။ အဲဒါကြောင့် ဒီလမ်းခရီးဟာ စရိတ်စကလည်း များပါတယ်။ ပုံထဲမှာကြည့်ရင်တော့ ကျေးရွာတွေက နည်းပါးကျဲပါးတယ်လို့ထင်ရပေမယ့် တကယ့် မြေပြင်မှာတော့ များပြားတိုးပွားနေတာ တွေ့ရပါတယ်။ ဥရုမြစ်တစ်လျှောက် ရွှေမျှောကြောင့် ပေါ်ပေါက်လာတဲ့ ပြည်ထဲရေးအမည်မပေါက်သေးတဲ့ ကျေးရွာများဟာ အများအပြားပေါ်ပေါက်နေပြီဖြစ်ပါတယ်။ ဒေသခံများနဲ့ အတူ ရွှေ့ပြောင်းရွှေမျှောလုပ်သားများပါ အခြေချနေထိုင်လာတဲ့အတွက် လူနေက များပြားလာတာဖြစ်ပါတယ်။ အဲဒီဒေသရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ကြည့်တဲ့အခါမှာတော့ ဟုမ္မလင်းကနေ ၁၈ မိုင်ဝေးတဲ့ နောင်ပေါင်ကျေးရွာအထိ တိုက်နယ်ဆေးရုံတစ်ရုံရှိတယ်။ ၃၈ မိုင်ဝေး တဲ့ နန်တောကျေးရွာမှာ တိုက်နယ်ဆေးရုံတစ်ရုံရှိပြီးတော့မှ ဒီ ၁၄၉ မိုင်အကွာအဝေးမှာ တိုက်နယ်ဆေးရုံက နှစ်ရုံပဲရှိတာတွေ့ရပါတယ်။ နန်တောအထက် မိုင်ပေါင်း ၁၀၀ ကျော်တစ်လျှောက်မှာတော့ တိုက်နယ်ဆေးရုံတစ်ရုံမှ မရှိတော့ပါဘူး။ ကျွန်တော်ပြည်သူနဲ့တွေ့ဆုံစဉ်မှာ အဲဒီ ပါဟုတ်ကြီးဒေသ၊ ရွှေပြည်မြစ်ရဲစခန်းက ဗိုလ်ကြီး နေယုမောင်ကလည်း တင်ပြပါတယ်။ အဲဒီဘက်အပိုင်းမှာ ဆေးရုံနဲ့ သက်ဆိုင်တဲ့ မှုခင်းတွေဖြစ်တဲ့အခါမှာ မိုင် ၁၀၀ ကျော်ဝေးတဲ့ နမ့်တောတိုက်နယ်ကို သယ်ဆောင်သွားရလာရတဲ့အတွက် စရိတ်စခတွေနဲ့ အခက်အခဲတွေအများကြီး တွေ့ကြုံနေရတယ်ဆိုတဲ့အကြောင်း တင်ပြပါတယ်။ ဒီပါဟုတ်ကြီးဒေသမှာ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားပေးသင့်ပါကြောင်းလည်း တင်ပြခဲ့ပါတယ်ခင်ဗျား။ အဲဒီဒေသမှာနေထိုင်ကြတဲ့ ကျွန်တော်တို့ရဲ့သွေးချင်းတွေဟာ ဆရာဝန်စစ်စစ်နဲ့ ကုသခံရဖူးမှာမဟုတ်ဘဲနဲ့ ဒေသအတွက် အပ်ကိုင်ဆရာဆရာမများကိုသာ အားကိုနေတာတွေ့ရပါ

တယ်။ လိုင်စင်မရှိဘဲ အပ်ကိုင်ဆရာဆရာမများကသာ အဲဒီဒေသရဲ့ကျန်းမာရေးကို စောင့်ရှောက်နေတာတွေ့ရပါတယ်။ ဒါကြောင့် ပါဟုတ်ကြီးဒေသမှာ တိုက်နယ်ဆေးရုံတစ်ရုံ ဖွင့်လှစ်ပေးသင့်ပါကြောင်းနှင့် ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိကို မေးလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point လေးဆက်သုံးခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်နန်းနစ်ကျေးရွာရောက်တဲ့နေရာမှာ ကိုယ်ထူကိုယ်ထ မျှော်လင့်ချက်နဲ့ဆောက်ထားတဲ့ ကျန်းမာရေးဆေးခန်းလေးပါ။ ဒီ နန်းနစ်မှာတော့ Sub Center လည်းမရှိပါဘူး။ ဆရာဆရာမတွေလည်းမရှိပါဘူး။ ဒါကတော့ ကျွန်တော်တောင်ဦးကျေးရွာမှာ ပြည်သူနဲ့တွေ့ဆုံပွဲပြုလုပ်ခဲ့တဲ့ ကျန်းမာရေးဆေးခန်းလေးပါ။ ဒီတောင်ဦးရွာမှာတော့ Sub Center ကျနေပါပြီ။ ဒါပေမဲ့ ဆရာဆရာမများကတော့ မရောက်ရှိသေးပါဘူး။ ဒါကတော့ ကျွန်တော်တို့ အဲဒီဘက်ဒေသမှာရှိတဲ့ ကျန်းမာရေးဆရာဆရာမများရဲ့တာဝန်ထမ်းဆောင်မှုဇယားပါ။ အဲဒီ ဇယားတွေမှာကြည့်လိုက်မယ်ဆိုရင် လစ်လပ်တွေချည်းပဲ တွေ့ရှိရတဲ့အတွက် ဒီဒေသမှာဆိုရင် ကျန်းမာရေးဌာနကနေပြီးတော့မှ ကျန်းမာရေးစောင့်ရှောက်မှုမရှိသလောက် အားနည်းနေတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ဟုမ္မလင်းဒေသအတွက် လစ်လပ်နေတဲ့ ကျန်းမာရေးဝန်ထမ်းများကိုအလျင်အမြန် ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်တွင် ခုတင် ၁၀၀ ဆံ့ပြည်သူ့ဆေးရုံတစ်ရုံ၊ ထမံသီတိုက်နယ်ဆေးရုံ၊ နမ့်တော တိုက်နယ်ဆေးရုံ၊ တောင်တွတ်တိုက်နယ်ဆေးရုံတစ်ရုံ၊ ရွှေပြည်အေးမြို့သစ်တိုက်နယ်ဆေးရုံ၊ နောင်ပို အောင်တိုက်နယ်ဆေးရုံနှင့် မောင်ခမ်းတိုက်နယ်ဆေးရုံ စုစုပေါင်းဆေးရုံခုနစ်ရုံ ဖွင့်လှစ်ထားပြီးဖြစ်ပါ တယ်။ ပါဟုတ်ကြီး ကျေးရွာတွင် တိုက်နယ်ဆေးရုံဖွင့်လှစ်နိုင်ပြီဆိုပါက အကျိုးပြုနိုင်မည့်ကျေးရွာ ပေါင်း ၂၈ ရွာ၊ အိမ်ခြေ ၂၄၇၁ အိမ်၊ လူဦးရေ ၁၆၀၀၀ နီးပါးရှိပြီး ဒေသခံလူဦးရေထက် ရွှေ့ပြောင်း လူဦးရေကများကြောင်း တွေ့ရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို အကွာအဝေး များက

ပါဟုတ်ကြီးကျေးရွာသည် ရေပေါ်ကျေးလက်ကျန်းမာရေးဌာနနှင့် ၁၂ မိုင်၊ နံ့သာ ကျေးလက်ကျန်းမာရေးဌာနနှင့် ၄၆ မိုင်၊ မန်စိမ်းကျေးလက်ကျန်းမာရေးဌာနနှင့် ၁၈ မိုင်၊ ရွှေပြည်မြင့် ကျေးလက်ကျန်းမာရေး ဌာနနှင့် ၁၆ မိုင်၊ သောင်ဦးကျေးလက်ကျန်းမာရေးနှင့် ၁၀ မိုင်၊ ဟုမ္မလင်းမြို့နယ်ဆေးရုံနှင့် ၁၁၉ မိုင်၊ နန်တောတိုက်နယ်ဆေးရုံနှင့် ၉၄ မိုင်ကွာဝေးပြီး လက်ရှိတွင်မြေယာပိုင်ဆိုင်မှုအဆောက်အဦမရှိသေးကြောင်း တွေ့ရှိရပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ထားရှိခြင်းလည်းမရှိကြောင်းတွေ့ရပါတယ်။

လမ်းပန်းဆက်သွယ်ရေးအနေနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလို မိုးရာသီတွင် ဥရုမြစ်ကြောင်းအတိုင်း ရေကြောင်းဖြင့်သာသွားလာနိုင်ပြီး နွေရာသီနှင့်ဆောင်းရာသီတွင် ဆိုင်ကယ်နှင့်သွားနိုင်ပါသည်။ ဟုမ္မလင်းမြို့နယ်၏လူဦးရေမှာလည်း အလွန်များကြောင်းတွေ့ရပါတယ်။ သို့သော် တိုက်နယ်ဆေးရုံတစ်ရုံ၏ Criteria နှင့်တော့ မညီပါဘူး။ သို့သော်လည်းပဲ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အခါမှာတော့ ကျွန်တော်တို့က ဒီကိစ္စကိုပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ဒီမှာရှိတဲ့ တိုက်နယ်ဆေးရုံတွေမှာ သူ့ရဲ့ Location Mapping ကိုပြန်လုပ်ပါမယ်။ ပြန်လုပ်ပြီးတော့ ကျွန်တော်တို့ ပြန်စဉ်းစားပါမယ်။ ကျွန်တော်ကတော့ ဒါကို ညကရေးထားတာတော့ မပေးဘူးလို့ရေးထားတယ်။ သို့သော်လည်း လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတာကိုကြည့်တဲ့အခါမှာတော့ ပေးသင့်တယ်လို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးလက်ကျန်းမာရေးဌာနဆိုတာ ဆရာဝန်တော့မရှိပါဘူး။ အဲဒီတော့ ဒီလောက်ဝေးလံခေါင်းပါးတဲ့နေရာမှာတော့ လိုမယ်ထင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က တိုက်နယ်ဆေးရုံ ၁၆ ခုတင်ဆံ့ပေးရင်တောင် အင်အားမပြည့်ရင်တောင်မှ ဆရာဝန်နှင့်အရေးကြီးတဲ့ သူနာပြုတွေရှိမယ်ဆိုလို့ရှိရင် ဒီတိုက်နယ်ဆေးရုံဟာ လုပ်ငန်းကို Function လုပ်လို့ရမယ်ဖြစ်ပါမယ်။ ကျွန်တော်ဒါကို စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးနှင့် ကျွန်တော်တိုက်ရိုက်အမြန်ဆုံး ဆက်သွယ်ပြီးတော့ သွားရောက်လေ့လာပြီးတော့ ဘာတွေလုပ်ရမယ်ဆိုတာ သူ့ကိုကျွန်တော် Technical Guidance လည်း အကုန်ပေးပြီးတော့ အမြန်ဆုံးကျွန်တော်စဉ်းစားဆောင်ရွက်ပေးပြီးတော့ လွှတ်တော်ကိုယ်စား လှယ်ကြီးကိုလည်း ကျွန်တော်ပြန်လည် အကြောင်းကြားမှာပါ။ ကျွန်တော့်အနေနဲ့တော့ ဒါပေးသင့်တယ်လို့မြင်ပါတယ်။ ဒါမေမဲ့ ကျွန်တော့်အနေနဲ့ တစ်ခါတည်း ယတိပြတ်မပြောတာက သွားရောက်လေ့လာ ပြီးမှသာလျှင် ကျွန်တော်ဆုံးဖြတ်ချက်ချရင် ကျွန်တော်တို့အတွက်က ခိုင်မာတဲ့အတွက် ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် အမြန်ဆုံးလုပ်မှာပါ။ ကျွန်တော်

ပြန်တာနဲ့ တယ်လီဖုန်းဆက်ပြီး ကျွန်တော်စတင် ဆောင်ရွက်မှာပါ။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမျိုးညွန့်(ဟုမ္မလင်းမဲဆန္ဒနယ်)**။ ။ ခုတင် ၁၀၀ ဆေးရုံအကြောင်းလေးလည်း ကျွန်တော်တင်ပြပြီး တစ်ဆက်တစ်စပ် မေးခွန်းမေးချင်ပါတယ်။ ကျွန်တော်တို့ ခုတင် ၁၀၀ ဆေးရုံမှာ အထက်တန်း သူနာပြု ခွင့်ပြု ၂၅ ဦးရှိပြီး၊ ခန့်ထားကိုးဦးရှိပြီး လစ်လပ် ၁၆ ဦးဖြစ်နေပါတယ်။ ရိုးရိုးသူနာပြုကတော့ ခွင့်ပြု ၅၀ ဖြစ်ပြီး ခန့်ထား ခုနစ်ဦးရှိပြီး လစ်လပ် ၄၃ ဦးရှိနေပါတယ်။ ဒါကြောင့် စုစုပေါင်းသူနာပြု ခွင့်ပြု ၇၅ ဦးမှာ ခန့်ထား ၁၆ ဦးပဲရှိပြီး လစ်လပ်က ၅၉ ဦးဖြစ်နေပါတယ်။ ဒီခန့်ထား ၁၆ ဦးမှာလည်း နှစ်ဦးကသင်တန်းတက်နေတဲ့အခါကျတော့ ၁၄ ဦးနဲ့ Run နေရပါတယ်။ ဟုမ္မလင်းခုတင် ၁၀၀ ဆေးရုံမှာ Ward က ငါးခုရှိပြီးတော့ သူနာပြု ၁၄ ယောက်နဲ့ Run နေရတာဟာ ကျွန်တော်တို့ လွှတ်တော်သက်တမ်း ခုနစ်လနှင့်အညီ ဖြစ်နေပါတယ်။ ဒါကြောင့် ဒီဆရာမတွေဟာ Day off, Night off တွေမရှိတော့ဘဲနဲ့ နေ့မအား၊ ညမအား အလုပ်လုပ်နေရတဲ့အတွက် လူနာနဲ့ဆက်ဆံတဲ့အခါမှာ ဆက်ဆံရေးပြဿနာလေးတွေ ကျွန်တော်တို့ ခဏခဏကြားနေရပါတယ်။ ဒါ့ကြောင့် ဒီ ခုတင် ၁၀၀ ဆေးရုံကြီးမှာ သူနာပြုများကို အလျင်အမြန်ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ ကိုလည်း သိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနခဏနေပါ။ ဒီမေးခွန်းဟာ တစ်ဆက်တစ်စပ်တည်း မဟုတ်ပါဘူး။ ဟုမ္မလင်းမြို့နယ်ဆေးရုံအတွက် မေးတဲ့မေးခွန်းဖြစ်ပါတယ်။ ခုနက တစ်ဆက်တစ်စပ်တည်းမေးတဲ့ မေးခွန်းက တိုက်နယ်ဆေးရုံတစ်ခုဖွင့်လှစ်ပေးရန်နဲ့ ကျန်းမာရေးနဲ့ ကျန်းမာရေးဌာနခွဲများမှာ ဆရာဆရာမတွေခန့်ထားပေးရန် တိုက်နယ်ဆေးရုံကိစ္စဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံကိစ္စကို ဝန်ကြီးဌာနက ကိုယ်စားလှယ်ကြီးကြားတဲ့အတိုင်းပဲ အားလုံးအပြည့်အစုံဖြေပြီးပြီ။ ဒါဟာမေးခွန်းသစ်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒါဟာ တစ်ဆက်တစ်စပ်တည်းမေးခွန်းမဟုတ်တဲ့အတွက် ဝန်ကြီးဌာနက ဖြေကြားဖို့မလိုပါဘူး။

**ပေါက်တောမြို့နယ်ပြည်သူ့ဆေးရုံကို ခုတင်(၂၅)လုံးဆံ့ဆေးရုံအဆင့်မှ ခုတင်(၅၀)ဆံ့စံကိုက်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများနှင့် ဧည့်သည်တော်များကို လေးစားပါကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဇံ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်မှာ လက်ရှိဆေးရုံ ခုတင် ၂၅ လုံးဆံ့ဆေးရုံအဆင့်ကနေ ခုတင် ၅၀ ဆံ့ စံကိုက်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်လို့ အနည်းငယ်ဆက်လက်ရှင်းပြလိုပါတယ်။ ကျွန်တော်တို့ ရခိုင် ပြည်နယ်၊ ပေါက်တောမြို့နယ်ဟာ စစ်တွေခရိုင်အတွင်းမှာ တည်ရှိပြီးတော့ စတုရန်းမိုင် ၄၁၃.၇၄ ကျယ်ဝန်းပါတယ်။ အိမ်ခြေ ၃၅၈၉၉၊ လူဦးရေ ၁၈၅၁၂၉ ဦး နေထိုင်ပါတယ်။ မြို့နယ်ရဲ့တည်နေရာ ဟာ ကုလားတန်မြစ်ဝှမ်းအတွင်းမှာ ကျရောက်တဲ့အတွက် မြစ်ချောင်းများ အလွန်ပေါများပါတယ်။ ရေလမ်းခရီးကိုသာ အားကိုးပြီးသွားနေရပါတယ်။ မြို့နယ်က ဆင်းရဲတဲ့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတာကြောင့် ကျန်းမာရေးလုပ်ငန်းဟာ ကျယ်ပြန့်ပြီး လက်လှမ်းမမီနိုင်အောင် ဖြစ်ပါတယ်။ မြို့နယ်မှာ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတွေရှိသော်လည်းပဲ အများစုကတော့ မြို့နယ်ဆေးရုံကိုပဲ အားကိုးအားထားပြုရပါတယ်။ မြို့နယ်ဆေးရုံဟာ အခုနေအခါမှာ မစည်ကားသင့်ပဲ စည်ကားနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်ဆေးရုံရဲ့ ၂၀၁၅ ခုနှစ် တစ်နှစ်တာ ကျန်းမာရေးပြုစုစောင့်ရှောက်မှု အခြေအနေကို ဆက်လက်တင်ပြလိုပါတယ်။ ဆေးရုံအတွင်း လူနာဦးရေက ၂၅၈၉ ဦး၊ ဆေးရုံပြင်ပ လူနာဦးရေက ၂၉၀၈ ဦး၊ တစ်နေ့ပျမ်းမျှ ဆေးရုံတက်တဲ့လူနာဦးရေက ၂၂.၅ ဦး၊ တစ်နေ့ပျမ်းမျှ အပြင်လူနာဦးရေက ၁၁.၈ ဦး၊ ဆေးရုံတက်ခွင့်ပြုခုတင် အသုံးပြုမှုကတော့ ၁၅၀ ရာခိုင်နှုန်းတောင် မပြည့်ပါဘူး။ ၉၅ ရာခိုင်နှုန်း ရှိပါတယ်။ ၉၅ ရာခိုင်နှုန်းကလည်း ကော်ရီတာမှာတောင် ပြည့်နေပါတယ်။ ကျွန်တော်ဆက်လက်တင်ပြလိုတာကတော့ ကျွန်တော်တောင်းတဲ့ဆေးရုံကို အခြေခံတဲ့ မူလဆေးရုံဟာ ၁၉၈၃ ခုနှစ်က ကျွန်တော်ကိုယ်တိုင် ကိုယ်ထူကိုယ်ထဆောက်လုပ်ခဲ့တဲ့ဆေးရုံမို့လို့

ကျွန်တော်သံယောဇဉ်ရှိပါတယ်။ အဲဒီဆေးရုံကို အကြောင်းပြုပြီး အခု ခုတင် ၂၅ လုံးဆံ့ဆေးရုံ တိုးချဲ့ဆောင်ဆောက်လုပ်ပြီးတော့မှ ကုသနေရပါတယ်။ အထက်မှာ ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း လူနာများလွန်းတဲ့အတွက် လူသွားလမ်း ကော်ရီတာပါခင်းပြီးတော့မှ နေရာချထား ကုသနေရတာ စိတ်မကောင်းစရာဖြစ်ပါတယ်။ ကျွန်တော်တို့ တစ်ဖက်ကကြည့်ရင်လည်း လက်ရှိဆေးရုံဟာ ၄.၇၁ ဧရိယာကျယ်ဝန်းပြီး ဂရန်ရရှိပြီးမြေဖြစ်ပါတယ်။ မကြာမီကမှ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ် များအပါအဝင် ဆေးရုံကြီးကြပ်ရေးကော်မတီဝင်များ ကွင်းဆင်းပြီး နေရာရွေးချယ်ခဲ့တဲ့အခါမှာ ခုတင် ၅၀ ဆံ့ဆေးရုံအတွက် လက်ရှိဆေးရုံဝန်းအတွင်းမှာပဲ လုံလောက်တဲ့မြေအနေအထားရှိပါတယ်။ အဲဒါကြောင့် အထက်ပါအခြေအနေတွေကို သုံးသပ်ပြီးတော့မှ မြို့နယ်လူဦးရေ၊ ဆေးရုံတက်ကုသရတဲ့ လူနာအခြေအနေ၊ ဆေးရုံအခြေအနေကို ကြည့်လိုက်တဲ့အခါကျတော့ အဆင့်တိုးမြှင့်ဖို့ လုံလောက် တယ်လို့ ကျွန်တော်တို့သိသာနိုင်ပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ပေါက်တောမြို့နယ် ပြည်သူ့ ဆေးရုံကို ခုတင် ၅၀ ဆံ့ စံကိုက်ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဖွင့်လှစ်မည်ဆိုတာကို သိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်တွင် ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံ ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ ကျောက်တောင် တိုက်နယ်ဆေးရုံတစ်ရုံလည်း ရှိပါတယ်။ ပေါက်တောမြို့နယ်ဆေးရုံတွင် အတွင်းလူနာနှင့် ဆေးရုံ အညွှန်းကိန်းများကို ၂၀၁၁ ခုနှစ်ကနေပြီးတော့ ပြန်လည်လေ့လာတဲ့အခါမှာ ဆေးရုံခွင့်ပြုခုတင် အသုံးပြုနှုန်းဟာ ၂၀၁၁ ခုနှစ်မှာ ၆၀ ရာခိုင်နှုန်း၊ ၂၀၁၂ ခုနှစ်မှာ ၃၆ ရာခိုင်နှုန်း၊ ၂၀၁၃ ခုနှစ်မှာ ၅၇ ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်မှာ ၁၀၃ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ ၁၀၀ ရာခိုင်နှုန်း အပြည့်ရှိပါတယ်။ တစ်နေ့ ပျမ်းမျှအပြင်လူနာဦးရေကတော့ တော်တော်နည်းပါတယ်။ ၁၂ ယောက်လောက်ပဲဖြစ်ပါ တယ်။ မွေးလူနာအနေနဲ့လည်း တစ်နှစ်ပတ်လုံးကို ၂၇၉ ဦးပဲမွေးတဲ့အတွက် ပျမ်းမျှခြင်းအားဖြင့် တစ်လကို ၃၀ တစ်နေ့ကို တစ်ယောက်နီးပါးလောက် မွေးပါတယ်ခင်ဗျား။ သို့သော်လည်း လူဦးရေ

အနေနဲ့ကတော့ ၁၅၀၀၀၀ ရှိပါတယ်။ ခုတင်အသုံးပြုမှုနှုန်းတွေကလည်း နည်းနည်းတက်လာတာ တွေ့ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်ကြည့်တဲ့အခါမှာ ဒီဆေးရုံမှာ ခွင့်ပြုဝန်ထမ်းအင်အား ၅၅ ယောက်ရှိတဲ့နေရာမှာ ၂၉ ယောက်ပဲရှိနေတာကိုတွေ့ရတဲ့အတွက် ကျွန်တော်တို့အနေနဲ့ လစ်လပ်တဲ့ လူတွေကို အရင်ဆုံးဖြည့်ခန့်ထားပြီးတော့ ဆေးရုံအညွှန်းကိန်းထဲကို ၂၀၁၆ ခုနှစ်အထိကြည့်လိုက်မယ်၊ ၂၀၁၇ ခုနှစ်ကြည့်လို့ တက်လာတယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ တိုးမြှင့်သင့်ရင် တိုးမြှင့်ပေးမှာ ဖြစ်ပါတယ်။ လောလောဆယ်ကတော့ တိုးမြှင့်ပေးဖို့အစီအစဉ်တော့ မရှိသေးပါဘူးခင်ဗျား။ တိုးမြှင့် မယ်ဆိုရင်လည်း ကျွန်တော်တို့ ကြိုတင်ပြီးတော့ ဘတ်ဂျက်တောင်းခံတာတို့၊ ဖွဲ့စည်းပုံတင်ပြတာတို့ ကျွန်တော်တို့လုပ်ပါမယ်။ ဒီရခိုင်ပြည်နယ်မှာရှိတဲ့ ဆေးရုံတွေကတော့ ကျွန်တော်သိသလောက်တော့ များသောအားဖြင့် သွားလာရေးခက်ခဲတဲ့အတွက် ကျွန်တော်တို့ပုံမှန်သတ်မှတ်ထားတဲ့ Criteria တွေအပြင် အထူးစဉ်းစားဖို့လိုပါတယ်ခင်ဗျား။ ကျွန်တော်အထူးစဉ်းစားပြီး ပေးပါမယ်။ ဒီကိစ္စကို လောလောဆယ်တော့ ဒီနေရာမှာတော့ ယတိပြတ်တော့မပြောလိုသေးပါဘူး။ ပြည်နယ်ဦးစီးမှူးနှင့် အသေးစိတ် ပြန်လည်လေ့လာပြီးမှ ကျွန်တော်စဉ်းစားပေးပါမယ်။ တက်လာတဲ့ အခြေအနေတော့ ရှိပါတယ်။ လစ်လပ်တဲ့ဆရာဝန်တွေပိုခန့်လိုက်ရင် ပိုလည်းတက်လာမယ်ဆိုလို့ရှိရင်တော့ ကျွန်တော် တို့က လုပ်ပေးရမှာ ၁၅၀ ရာခိုင်နှုန်းအထိ ကျွန်တော်တို့မစောင့်ပါဘူး။ ကျွမ်းကျင်မှု ရှုထောင့်အရ ၁၅၀ အထိတော့မစောင့်ဘူး။ ၁၅၀ အထိစောင့်မယ်ဆိုရင် quality of care က လုံးဝကျသွားမယ်။ ဆေးရုံထဲက ခုတင်တွေ လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ပြည့်ညှပ်ပြီးတော့ လူနာတစ်ယောက်နှင့် တစ်ယောက် Cross Infection ဖြစ်တာမျိုး၊ တစ်ယောက်နှင့်တစ်ယောက် ရောဂါ ကူးတာတွေ အကုန်ဖြစ်မယ့်အတွက် ကျွန်တော်ဒါကိုတော့ အသေးစိတ်လေ့လာပြီးတော့ စဉ်းစားပေးမယ် ဖြစ်ကြောင်းတင်ပြရင်း လေးစားစွာတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုနက ဟုမ္မလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ ဟုမ္မလင်းမြို့နယ်ရဲ့ဆေးရုံလိုအပ်ချက်နဲ့ပတ်သက်လို့ မေးခွန်းမေးမယ်ဆိုရင် မေးခွန်းသစ်တင်ခွင့်ရှိ တယ်။ အခွင့်အရေးမဆုံးရှုံးဘူး။ မေးခွန်းမေးနိုင်တယ်။ မေးခွန်းသစ်လည်း တင်ခွင့်ရှိတယ်။ အခု ဒီနေ့ မေးတဲ့မေးခွန်းက ပါးဟုတ်ကြီးကျေးရွာမှာ တိုက်နယ်ဆေးရုံဖွင့်ဖို့မေးခွန်း ဝန်ကြီးဌာနက ဒါကို လာဖြေ တယ်။ အဲဒီတော့ တစ်ဆက်တစ်စပ်တည်းဆိုတာက အဲဒီပါဟုတ်ကြီးကျေးရွာတိုက်နယ်ဆေးရုံမေးခွန်းနဲ့ ပတ်သက်တဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်ရမယ်။ အခု ဒီလိုမဟုတ်ဘဲနဲ့ နောက်တစ်ဆက်တစ်စပ်တည်း ဆိုပြီးတော့ ဟုမ္မလင်းမြို့နယ်ဆေးရုံရဲ့ မေးခွန်းနဲ့ပတ်သက်တာဖြစ်တဲ့အတွက် ဒါဟာ နည်းဥပဒေအရ

တစ်ဆက်တစ်စပ်တည်းမဟုတ်လို့ ဒါကို ဝန်ကြီးဌာနကို ဖြေခွင့်မပေးတာ။ ကိုယ့်အခွင့်အရေးမဆုံးရှုံးဘူး။ မြို့နယ်ဆေးရုံအတွက်မေးမယ်ဆိုရင် သက်သက်မေးခွန်းအသစ်ကို တင်ပြီးတော့ မေးခွင့်ရှိတယ်။ ဒါရှင်းရှင်းလင်းလင်း ကျွန်တော်ပြောပြတာပါ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက်မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ချထားတဲ့အခြေခံမူတွေ၊ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေ၊ ကိုယ်စားလှယ်များရဲ့မေးခွန်းကို ပြည့်ပြည့်စုံစုံပွင့်ပွင့်လင်းလင်း ဖြေကြားပေးတဲ့အတွက် ဝန်ကြီးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**